# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက် | ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၀)၊ အမှတ် (၁၂၀)


# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် 

## နေပြည်တော်ရှိ ကျန်းမာရေးဝန်ထမ်းများ ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) စတင်ထိုးနှံပေးနေမှု ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၂၇

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် သားဖွားသင်တန်းကျောင်း (နေပြည်တော်)၌ ကျန်းမာရေးဝန်ထမ်းများအား အိန္ဒိယနိုင်ငံမှ ထောက်ပံ့သည့် ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) စတင်ထိုးနှံပေးနေမှုကို သွားရောက်ကြည့်ရှုပြီး အားပေးစကားပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နံနက် ၁၁ နာရီတွင် သားဖွားသင်တန်းကျောင်း (နေပြည်တော်)သို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသူနှင့် ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းစဉ်များ၊ ကာကွယ်ဆေးထိုးရန် မှတ်တမ်းတင်ခြင်းနှင့် ပြန်လည်သတင်းပို့ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❊




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) ထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

## ညီညွတ်မှုဖြင့် ပြည်ထောင်စုတည် နိုင်ငံ၏ အသည်းနှလုံး

ပြည်ထောင်စုနေ့အကြိုဂုဏ်ပြုဆောင်းပါး


စာ - ၆


## အကြည်ဓာတ်မွေးဖွားခန်း

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုအထိမ်းအမှတ်ဆောင်းပါး


စာ - ၂၀





မြန်မာ့အလင်း

# ပြည်သူ့သဘောထားကို လေးစားခြင်းဖြင့်သာ

ဗြိတိသျှကိုလိုနီလက်အောက်က မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလတွင် အင်္ဂလိပ်အစိုးရက ပြည်မနှင့် တောင်တန်းသားများကို ခွဲခြားကာ လွတ်လပ်ရေးပေးရန် ကြိုးစားခဲ့ဖူးသည်။ နောက်ဆုံး ၁၉၄၇ ခုနှစ် ဇန်နဝါရီတွင် လန်ဒန်၌ လက်မှတ်ရေးထိုးခဲ့သော အောင်ဆန်း - အက်တလီစာချုပ် ချုပ်ဆိုရာတွင် အချက်တစ်ချက်အနေဖြင့် ထည့်ဆိုသဘောတူခဲ့ရသည်။ "ပင်လုံအစည်းအဝေး သို့မဟုတ် အထူးကွန်ဖရင့်ပြီးဆုံးသည့်အခါ ဗြိတိသျှအစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့သည် နယ်ခြားဒေသလူထု၏ဆန္ဒနှင့် လိုက်လျောညီစွာ အကျိုးတူရည်မှန်းချက်များကို ဖြည့်စွမ်းရန် အကောင်းဆုံးစနစ်နှင့် ပတ်သက်၍ သဘောတူရယူလိမ့်မည်ဖြစ်သည်" ဟူ၍။

ဦးအောင်ဆန်း မြန်မာပြည် ပြန်လည်ရောက်ရှိပြီးနောက် ပင်လုံညီလာခံသို့တက်ရောက်၍။ တိုင်းရင်းသားခေါင်းဆောင်တို့နှင့် ဆွေးနွေးညှိနှိုင်းပြီးနောက် တောင်တန်း၊ မြေပြန့် ပူးပေါင်းကာ လွတ်လပ်ရေးရယူမည်ဟူသည့် ပင်လုံစာချုပ် ချုပ်ဆိုကာ မြန်မာပြည်သူလူထု၏ သဘောထားကို ဖော်ပြခဲ့သည်။ ပြည်နယ်များ၊ တောင်တန်းဒေသများ (နယ်ခြားဒေသများ) အားလုံး တစ်ပြိုင်တည်း လွတ်လပ်ရေး အတူတကွရယူမည်ဟူသည့် သဘောတူညီမှုစာချုပ်ဖြစ်ပေသည်။

ယင်းပြည်သူ့သဘောထားသည်ပင် မြန်မာနိုင်ငံ တစ်ခုလုံးကို ဗြိတိသျှတို့က တစ်ပြိုင်နက်တည်း လွတ်လပ်ရေးပေးရသည့် အဓိကကျသော အကြောင်းအချက်ဟု ယူသော်ရပါမည်။ ဤသို့ဖြင့် လွတ်လပ်သော လွှတ်တော်များ၊ လွတ်လပ်သော အစိုးရအဖွဲ့နှင့် လွတ်လပ်သော မြန်မာနိုင်ငံပေါ်ထွန်းလာခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံရေးဟူသည် ပြည်သူလူထု၏ အဆုံးအဖြတ်ဖြင့်သာ ဆောင်ရွက်ရသော အရာဖြစ်၏။ နိုင်ငံရေးဟုဆိုသည်နှင့် တိုင်းပြည်နှင့် နိုင်ငံသားပြည်သူလူထုတို့၏ အရေးအရာတို့ကို အခြေခံသည့် လုပ်ငန်းဆောင်တာတို့ကို မည်သို့မည်ပုံ ခွဲဝေတာဝန်ယူလုပ်ကိုင်မည်၊ မည်သူတို့ကို မည်သို့မည်ပုံ တာဝန်ယူလုပ်ပိုင်ခွင့်အာဏာကို အပ်နှင်းမည်ဆိုသည့်အချက်က အရေးပါပါသည်။

နိုင်ငံရေးအာဏာကို မည်သည့် နိုင်ငံရေးလမ်းကြောင်း၊ မည်သည့် နိုင်ငံရေးမူဝါဒ၊ မည်သည့် နိုင်ငံရေးသမား သို့မဟုတ် နိုင်ငံရေးပါတီ လက်ထဲသို့ အပ်နှင်းမည်ဆိုသည်ကို ပြည်သူလူထုက အဆုံးအဖြတ်ပေးရသည်။ ထိုသို့သော ပြည်သူလူထု၏ အဆုံးအဖြတ်ကို နိုင်ငံရေးသမား သို့မဟုတ် နိုင်ငံရေးပါတီများက လိုက်နာရသည်။ နိုင်ငံရေးအာဏာရယူရေး ပြည်သူလူထု၏ အဆုံးအဖြတ်ကို နာခံနိုင်ရန်အတွက် နိုင်ငံရေးသမားများ နိုင်ငံရေးပါတီများက ပြည်သူလူထုကို မိမိတို့၏ မူဝါဒ၊ မိမိတို့၏ အနာဂတ်လုပ်ငန်းစဉ်များကို တင်ပြရသည်။

ပြည်သူလူထုက ယုံကြည်အားထား နှစ်သက်သော နိုင်ငံရေးသမား၊ နိုင်ငံရေးပါတီကို ရွေးချယ်ကာ တာဝန်ပေး၏။ ယင်းကိုပင် ဒီမိုကရေစီ၏ အနှစ်သာရအဖြစ် အသိအမှတ်ပြုကြခြင်းဖြစ်၏။ ထို့ကြောင့် နိုင်ငံတို့၏ အခြေခံဥပဒေရေးဆွဲရာတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်သူလူထုထံက ဆင်းသက်သည်ဟူ၍ အလေးဂရုပြုဖော်ပြရခြင်းဖြစ်သည်။

ဤသို့ဖြင့် နိုင်ငံရေးအာဏာကို နိုင်ငံရေးသမား သို့မဟုတ် နိုင်ငံရေးပါတီတို့က တာဝန်ယူလက်ခံကာ စနစ်တကျကိုင်တွယ်အသုံးပြု၍ နိုင်ငံနှင့် ပြည်သူလူထုအကျိုးငှာ ဆောင်ရွက်ရသည်။ အခါအားလျော်စွာ နိုင်ငံအတွက် လိုအပ်သော လုပ်ငန်းဆောင်တာတို့အတွက် သက်ဆိုင်ရာကျွမ်းကျင်သူများ၊ ပညာရှင်များ၏ ပါဝင်မှုကို လက်ခံရယူ ပူးပေါင်းဆောင်ရွက်ရလေ့ရှိသော်လည်း အားလုံးသော ဆုံးဖြတ်ချက်များကိုမူ အာဏာရနိုင်ငံရေးသမားများ၊ အာဏာရနိုင်ငံရေးပါတီများတို့ကသာ တာဝန်ယူရသည်။

အာဏာရနိုင်ငံရေးသမား၊ အာဏာရနိုင်ငံရေးပါတီဟူသည် ပြည်သူလူထုက တာဝန်လွှဲအပ်ထားသော ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်သောကြောင့် ဤသို့သော ကြီးလေးသောတာဝန်များကို ဆုံးဖြတ်ခွင့်ရရှိခြင်းဖြစ်ပါသည်။ ဤသည်ပင် ပြည်သူလူထုကို လေးစားသော၊ ပြည်သူလူထု၏ အဆုံးအဖြတ်ကို ရိုသေသော ယဉ်ကျေးမှုတစ်ခုဖြစ်သည်ဟု ယုံကြည်ပါသတည်း။ ။

## ညီညွတ်ခြင်းသည် စွမ်းအင် စည်းလုံးခြင်းလျှင် ခွန်အား ပြည်ထောင်စု၏ နှလုံးသား။

## တစ်မြေတည်းနေ တစ်ရေတည်းသုံး ဒို့အားလုံးသည် ပြည်ထောင်စုသား သွေးချင်းများ။

## တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြု လက်မှတ်ပေးအပ်သည့် အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

တရားလွှတ်တော် ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်သည့် အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၂)တွင် တတိယအကြိမ် Video Conferencing စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်က အမှာစကားပြောကြားသည်။ အခမ်းအနားသို့ တက်ရောက်လိုကြောင်း လိုအပ်ချက်များ ပြည့်စုံစွာဖြင့် လျှောက်ထားသူ အထက်တန်းရှေ့နေ ၁၅၄ ဦးကို တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြု လက်မှတ်များပေးအပ်သည်။ ထို့နောက် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြု လက်မှတ်ရရှိသူများက ကတိသစ္စာပြုကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ထုံး / စစ်ဆေးရေး)၊ ရှေ့နေရှေ့ရပ်နှင့် စစ်ဆေးရေးဌာနမှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီမှ အသွားအလာကန့်သတ်ချက်များ ရုပ်သိမ်းပြီးနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဤကိစ္စအလို့ငှာ အမိန့်တစ်စုံတစ်ရာထပ်မံထုတ်ပြန်သည့် အချိန်အထိ Video Conferencing စနစ်ဖြင့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

အမေများနေ့ ဂုဏ်ပြုကဗျာ

### မွေးနေ့

❖ ငယ်စဉ်ဘဝ၊ ထိုချိန်ကပင်
အစအဦး၊ သည်နေ့ထူးကို
ကြုံဖူးနှစ်စဉ်၊ ခါခါပင်။

❖ မိဘရှိစဉ်၊ အချိန်တွင်က
ဘဝင်ကြည်နူး၊ စိတ်ရွှင်မြူးနှင့်
အထူးပျော်မွေ့၊ ဒီတစ်နေ့။

❖ ချိန်တွေကြာညောင်း၊ နှစ်တွေပြောင်းမို့
ဖြစ်ကြောင်းကုန်စင်၊ အတွေးဝင်တော့
မရွှင်ညှိုးချုံး၊ စိတ်နှလုံး။

❖ သက်နှင့်ထပ်တူ၊ ပြန်ပြောင်းယူက
တစ်မူထူးတွေ့၊ သည်တစ်နေ့တွင်
မမေ့မှတ်သား၊ ကျေးဇူးများသည့်
တို့များမိခင်၊ စစ်ပွဲဝင်။

❖ ငါ၏မွေးနေ့၊ ထိုသည့်နေ့ကား
မမေ့ပြောအပ်၊ စဉ်ပေးဆပ်သည့်
ကြီးမြတ်ဂုဏ်အင်၊ကျေးဇူးရှင်၏
နာကျင်ခံစား၊ မှုမထားဘဲ
စစ်များကိုခင်း၊ ရှင်သေမင်းနှင့်
မယွင်းသေချာ၊ တုပြိုင်ကာဖြင့်
နိုင်လာယူပေး၊ မေ့ရင်သွေးအား
မွေးဖွားသန့်စင်၊ လူ့ပြည်ခွင်။ ။

မောင်ဇေယျ

## ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး၊ အဖြေ အစီအစဉ် ဆက်လက် ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂၇

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ကာလအတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လည်ပတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြည်သူကို ပညာပေး မျှဝေပေးမည့် "ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်"ကို နိုဝင်ဘာ ၂၅ ရက်မှ စ၍ အပတ်စဉ် ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲမှ ည ၇ နာရီ အထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

ဇန်နဝါရီ ၂၈ ရက် (ကြာသပတေးနေ့) ညနေတွင် မြန်မာနိုင်ငံ၏ Digital အသွင်ပြောင်းမှု၌ အဓိကအရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည့် ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်အသုံးပြုပြီး ဝန်ဆောင်မှုများ မြန်ဆန်လာအောင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာအစီအစဉ်ကို ဖန်တီးရာ Startup နည်းပြ ဦးစိုးသီဟနှင့် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူးချုပ် ဦးဝင်းထက်မောင်မောင်တို့၏ ဆွေးနွေးချက်များကို ညနေ ၆ နာရီခွဲတွင် ထပ်မံထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ညောင်ရွှေမြို့နယ်မှ ဒေသထွက်ငါးများ ဒုတိယအကြိမ် ဖြန့်ဖြူးရောင်းချ

ညောင်ရွှေ ဇန်နဝါရီ ၂၇

ပြည်တွင်းငါးစားသုံးမှုဖူလုံရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းရှင်များ တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်အတွက် သမဝါယမကဏ္ဍမှ ဖြည့်ဆည်းကူညီပေးလျက်ရှိရာ ဒုတိယကြိမ် အဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်သမဝါယမဦးစီးဌာနနှင့် ညောင်ရွှေမြို့နယ် သမဝါယမအသင်းစု လီမိတက်တို့က ပူးပေါင်း၍ ဒေသတွင်း ထွက်ရှိသည့် တီလားပီးယားငါး တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ နှင့် ငါးလုံးကြမ်းငါးတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ပြည်သူများနှင့် သမဝါယမအသင်းသားများ လွယ်လင့်တကူ စားသုံးနိုင်ရန်အတွက် No Profit, No Loss ဟူသော သမဝါယမမူအတိုင်း ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်သူသာလျှင် အဓိက

❊ *ရွှေဖုံးမှ*

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) ထိုးနှံပေးနေမှုကို ကြည့်ရှုရာ ပါမောက္ခ ဒေါက်တာကျော်ကျော်ဦးက ကာကွယ်ဆေးထိုးနှံသည့်နေရာများတွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဆက်လက်ထိန်းသိမ်းထား**

ထိုသို့ကြည့်ရှုစဉ် လာရောက်သတင်းရယူကြသည့် သတင်းမီဒီယာများက ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD)ထိုးနှံမှုနှင့် စပ်လျဉ်းပြီး ပြည်သူသို့ အသိပေးပြောကြားလိုသည့် အချက်များကိုမေးမြန်းရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) ရောက်ရှိပြီဆိုသော်လည်း ချက်ချင်းအားလုံးထိုးနှံရန် ရောက်လာမည်မဟုတ်ပါကြောင်း၊ ယခုအနေအထားတွင် သတိထားရန်လိုကြောင်း၊ မပေါ့ဆကြစေလိုကြောင်း၊ တချို့ပြည်သူများ အနည်းငယ်ပေါ့ဆသွားမည်ကို စိုးရိမ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ထုတ်လုပ်နိုင်ပါက လိုသလောက်အသုံးပြု၍ရပါကြောင်း၊ ယခုအချိန်တွင် အခြားနိုင်ငံမှ တင်သွင်းရခြင်းဖြစ်ပါကြောင်း၊ မိမိတို့လိုချင်သလောက် ဝယ်ယူ၍ရမည် မဟုတ်ပါကြောင်း၊ သို့ဖြစ်၍ ယခုအချိန်တွင် ပြည်သူများအနေဖြင့် သတိထားစေလိုကြောင်း၊ ယခုအခါတွင်လည်း ကူးစက်မှုနှုန်း ကျဆင်းလာပြီဖြစ်သည့်အတွက် ယင်းကို ဆက်လက်ထိန်းသိမ်းထားကြစေလိုကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုနှင့်ပတ်သက်၍ အတွေ့အကြုံမရှိသည့်အတွက် ပြည်သူများ စိုးရိမ်ကြသည်မှာ သဘာဝကျပါကြောင်း၊ ကာကွယ်ဆေးထိုးနှံပြီးသူများကို နာရီဝက်ခန့်စောင့်ကြည့်ပြီး စိတ်ချရမှုရှိမှသာ ပြန်လည်ထွက်ခွာခွင့်ပြုရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**အားပေးစကားပြောကြား**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) ပထမဆုံးထိုးနှံသည့် ကျန်းမာရေးဝန်ထမ်းအမျိုးသမီးနှစ်ဦးနှင့် ကာကွယ်ဆေးထိုးနှံရန် ရောက်ရှိနေကြသည့် ကျန်းမာရေးဝန်ထမ်းများကို အားပေးစကား ပြောကြားသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) ထိုးနှံရန် ရောက်ရှိနေကြသည့် ကျန်းမာရေးဝန်ထမ်းများကို အားပေးစကား ပြောကြားစဉ်။ သတင်းစဉ်

**ဒုတိယအကြိမ် ပြန်လည်ထိုးနှံသွားရမည်**

ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) ထိုးနှံခြင်း မပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်းရှိ အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးကြောင်း၊ ယခု ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) ထိုးနှံပြီးသူများအနေဖြင့် ကာကွယ်ဆေးထိုးနှံပြီး ၂၈ ရက်အကြာတွင် ဒုတိယအကြိမ် ပြန်လည်ထိုးနှံသွားရမည်ဖြစ်ကြောင်း သိရသည်။

**အမြန်ဆုံးသွားရောက် ပြသသင့်**

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးပါက နာခြင်း၊ နီခြင်း၊ ရောင်ခြင်း၊ ဖျားခြင်း၊ ခေါင်းကိုက်ခြင်းစသည်တို့ ခံစားရတတ်ကြောင်း၊ ပုံမှန်အားဖြင့် အဆိုပါလက္ခဏာများသည် ၂၄ နာရီအတွင်း သက်သာပျောက်ကင်းလေ့ရှိကြောင်း၊ မသက်သာဘဲ ပိုမိုပြင်းထန်လာလျှင်လည်းကောင်း၊ အခြားပြင်းထန်လက္ခဏာများ ခံစားရလျှင်လည်းကောင်း နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးသွားရောက် ပြသသင့်ကြောင်း အသိပေးထားသည်။

ယနေ့နံနက်ပိုင်းမှစတင်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ဗဟိုအဆင့်ဆေးရုံကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဆေးရုံကြီးများ၊ ခရိုင်အဆင့်ဆေးရုံများနှင့် မြို့နယ်အဆင့် ဆေးရုံများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) ထိုးနှံပေးလျက်ရှိပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ကျန်းမာရေးဝန်ထမ်း ၃၈၀၀ ကျော်ကိုလည်း သတ်မှတ်နေရာများနှင့် သက်ဆိုင်ရာ မြို့နယ်ဆေးရုံများတွင် ကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## COVID-19 ရောဂါ ကာကွယ် ထိန်းချုပ်ရေးတိုးမြှင့်ခဲ့သည့် ဇန်နဝါရီလ (၁) ရက်နေ့မှ ဇန်နဝါရီလ (၃၁) ရက်နေ့အထိ (၁၅၀) ယူနစ်အား ဓာတ်အားခကျသင့်ငွေ ကင်းလွတ်ခွင့် (အခမဲ့) ပေးသွားမည်

ပြည်သူသို့ အသိပေးတင်ပြချက်

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်နေ့

(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

၁။ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ (COVID-19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် (၃၁-၁၂-၂၀၂၀) ရက်နေ့အထိ ထုတ်ပြန်ထားသောအမိန့်၊ အမိန့်ကြော်ငြာစာ၊ ပြည်သူသို့ ပန်ကြားချက်၊ ညွှန်ကြားချက်များ (ဖြေလျှော့/တိုးမြှင့်ရန် လမ်းညွှန်ထားသောကိစ္စရပ်များမပါ)အား (၃၁-၁-၂၀၂၁) ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်သွားရန် ၂၉-၁၂-၂၀၂၀ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

၂။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် COVID - 19 ကြောင့် ပြည်သူများ စီးပွားရေးအရ၊ စိတ်ဓာတ်ရေးရာအရ ကျပ်တည်းခြင်းများစွာ ရှိနေခြင်းကို အထိုက်အလျောက် ဖြေလျှော့စေရန် လစဉ် ၁၅၀ ယူနစ်အတွက် ဓာတ်အားခကျသင့်ငွေ ကင်းလွတ်ခွင့် (အခမဲ့) အား (၃၁-၁၂-၂၀၂၀) အထိ ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၃။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးတိုးမြှင့်ခဲ့သည့် ဇန်နဝါရီလ (၁)ရက်နေ့မှ ဇန်နဝါရီလ (၃၁) ရက်နေ့အထိ (၁၅၀) ယူနစ်အား ဓာတ်အားခကျသင့်ငွေ ကင်းလွတ်ခွင့် (အခမဲ့) ပေးသွားမည်ဖြစ်ပါသည်။

၄။ ထို့ကြောင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့မှ (၃၁) ရက်နေ့အထိ ပြည်သူများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ (သံရုံးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ(မပါ)) အတွက် အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၁ ယူနစ်မှ ၁၅၀ ယူနစ်အထိ စုစုပေါင်း(၁၅၀) ယူနစ်ကို ငွေကြေးကောက်ခံမှုကင်းလွတ်ခွင့်(အခမဲ့) ရရှိမည်ဖြစ်ပါသည်။

၅။ သို့ပါ၍ သုံးစွဲခဲ့သော လျှပ်စစ်ဓာတ်အားသုံးစွဲမှုယူနစ်များအနက်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၁) ယူနစ်မှ (၁၅၀) ယူနစ်အထိ သုံးစွဲသူများကို သုံးစွဲယူနစ်အလိုက် ဓာတ်အားခကျသင့်ငွေနှင့် မီတာဝန်ဆောင်ခအပါအဝင် ကင်းလွတ်ခွင့် (အခမဲ့) ရရှိမည်ဖြစ်ပြီး (၁၅၁) ယူနစ်နှင့်အထက် သုံးစွဲသူများကို ယူနစ် (၁၅၀) အတွက် ဓာတ်အားခကျသင့်ငွေ (၁၁၅၅၀/-) ကင်းလွတ်ခွင့် (အခမဲ့) ရရှိမည် ဖြစ်ပါသည်။

၆။ အိမ်သုံးအမျိုးအစား၌ လျှပ်စစ်မီးသုံးစွဲသူများမှ (၁၅၁) ယူနစ်နှင့်အထက် သုံးစွဲမှုများအား အလွှာလိုက်သတ်မှတ်ချက်နှုန်းထားများအတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်။ အထူးကိစ္စတစ်ရပ်အနေဖြင့် ကင်းလွတ်ခွင့်ပြုခဲ့သော အိမ်သုံးမဟုတ်သည့် အမျိုးအစားတွင် ပါဝင်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအုပ်စုမှ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများမှအပ ကျန်သုံးစွဲသူများ အားလုံးသည် ယခင်သတ်မှတ်နှုန်းထားများအတိုင်း ပေးဆောင်ရမည် ဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

◆ *ကျောဖုံးမှ*

လာရောက်လှူဒါန်းမှုနှင့် ပတ်သက်ပြီး မြို့နယ် ကိုဗစ်-၁၉ ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက ပြောကြားသည်။

''ကိုဗစ်ကာကွယ်ဆေးကို နိုင်ငံခြားက ဝယ်ယူရမှာဖြစ်တဲ့အတွက် နိုင်ငံရဲ့ ငွေကြေးပမာဏလိုအပ်ချက်အရ ကျွန်တော်တို့ လုပ်ငန်းရှင်တွေအနေနဲ့ တစ်တပ်တစ်အားပါဝင်ပြီး ပြည်သူတွေအားလုံး ကာကွယ်ဆေးထိုးနိုင်အောင် ဝိုင်းဝန်းပံ့ပိုး လှူဒါန်းခြင်းဖြစ်ပါတယ်''ဟု အလှူငွေကျပ်သိန်းတစ်ရာပါဝင်လှူဒါန်းသည့် အလှူရှင် ဦးသန့်ဇင်က လှူဒါန်းရခြင်းနှင့်ပတ်သက်ပြီး ပြောသည်။

**အောင်မင်း (မြောင်းမြ)**

**အများအားဖြင့် သာယာမည်**

**နေပြည်တော် ဇန်နဝါရီ ၂၇**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို နေပြည်တော် သံဝေဇနီယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) စေတီဌာနသို့ သွားရောက်ဖူးမြော်ပြီး နွေရာသီ ဆည်ရေရရှိမှု အခက်အခဲမရှိစေရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် သံဝေဇနီယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) စေတီဌာနတွင် နွေရာသီဆည်ရေရရှိမှု အခက်အခဲဖြစ်နေ၍ တစ်နှစ်ပတ်လုံး ဆည်ရေရရှိနိုင်ရေးအတွက် ရေမော်တာ ထားရှိမည့်နေရာ၊ ရေပိုက်လိုင်း သွယ်တန်းမည့်နေရာနှင့် လျှပ်စစ်သွယ်တန်းမည့် နေရာတို့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက် ၉ နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

**အလေးထားဆောင်ရွက်**

ကိုဗစ်-၁၉ ကင်းစင်၍ ဘုရားဖူးများ ပြန်လည်ဖွင့်လှစ်ပါက ဘုရားဖူးပြည်သူများ ရေလုံလောက်စွာ သုံးစွဲနိုင်ရန်နှင့် နွေရာသီဆည်ရေရရှိမှု အခက်အခဲမဖြစ်ပေါ်စေရေးအတွက် ရေမော်တာတပ်ဆင်ခြင်း၊ ရေပိုက်လိုင်းများ သွယ်တန်းခြင်းနှင့် လျှပ်စစ်မီးသွယ်တန်းခြင်းတို့ကို တာဝန်ယူဆောင်ရွက်မည့် Han Sein Thant Co.,Ltd. ၏ ရှင်းလင်း တင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက စေတီများနှင့် တရားစခန်းတို့ကို တစ်နှစ်ပတ်လုံး ဆည်ရေရရှိမှု အခက်အခဲမရှိစေရေး အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် အဖွဲ့သည် သံဝေဇနီယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ) စေတီများသို့ လှည့်လည်ဖူးမြော်ကြည်ညိုစဉ် မဟာဗောဓိစေတီတော်ရှိ ဘေးမဲ့ငါးလွှတ်ကန်အား ပြန်လည်တူးဖော်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေး၍ သံဝေဇနီယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) စေတီဌာနဝင်းအတွင်း စိမ်းလန်းစိုပြည်စေရန် စိုက်ပျိုးထားရှိသော အပင်များကို ဂရုစိုက်ပျိုးထောင်ရေး၊ (ဟော) စေတီဝင်းအတွင်း၌ ပျက်စီးနေသော အခင်းကျောက်ပြားများကို အမြန်ဆုံးပြန်လည်ပြုပြင်ရန်နှင့် တောမီးလောင်ကျွမ်းခြင်း မရှိစေရေး၊ မယ်တော်မာယာ ရေသန့်စင်သည့် ကန်တော်ရှိ ရေများ အမြဲမပြတ် ရေသန့်စင်စေရေး မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# နေပြည်တော်ရှိ ကျန်းမာရေးဝန်ထမ်းများ ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံ




ပြည်ထောင်စုဝန်ကြီး
ဒေါက်တာ မြင့်ထွေး



ဒုတိယညွှန်ကြားရေးမှူးချုပ်
ဒေါက်တာ မြတ်ဝဏ္ဏစိုး




အထက်တန်းသူနာပြု
ဒေါ်အေးမူမူ




အထက်တန်းသူနာပြု
ဒေါ်မြင့်မြင့်ဌေး



ဆေးရုံအုပ်ကြီး
ဒေါက်တာ သီတာစိုး

**နေပြည်တော် ဇန်နဝါရီ ၂၇**

နေပြည်တော်ရှိ ကျန်းမာရေးဝန်ထမ်း စုစုပေါင်း ၃၈၀၀ ကျော်အား ကိုဗစ်-၁၉ ကာကွယ်ဆေး COVISHIELD စတင်ထိုးနှံခြင်းလုပ်ငန်းစဉ်ကို ယနေ့နံနက်ပိုင်းတွင် စတင်ဆောင်ရွက်သည်။

သားဖွားသင်တန်း ကျောင်း (နေပြည်တော်) တွင် COVISHIELD ကာကွယ်ဆေးထိုးနှံခဲ့သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက "ကာကွယ်ဆေးထိုးပြီးတိုင်း ရာနှုန်းပြည့် ကာကွယ်တာ မဟုတ်ပါဘူး။ ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီးသော်လည်း ပြည်သူတွေအနေနဲ့ ဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ဆောင်ရန်၊ ရှောင်ရန်ကိစ္စတွေ၊ အထူးသဖြင့် Mask တပ်ခြင်း၊ လူတစ်ဦးနဲ့ တစ်ဦး ခြောက်ပေအကွာနေခြင်းတွေကို ဆက်လက်ပြီး ပိုမိုလုပ်ဆောင်စေလိုပါတယ်။ ကာကွယ်ဆေးလည်းထိုးထားတယ်။ ဆောင်ရန်၊ ရှောင်ရန်ကိစ္စတွေကိုလည်း လိုက်နာဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ ကိုဗစ်ရောဂါမရှိသလောက် နည်းပါးသွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

COVISHIELD ကာကွယ်ဆေး စတင်ထိုးနှံခြင်း လုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးက "နေပြည်တော်ကောင်စီ နယ်မြေအတွင်းမှာရှိတဲ့ မြို့နယ်ဆေးရုံ (၈) ရုံ၊ အထွေထွေရောဂါကု ဆေးရုံကြီး (၂)ရုံ၊ အထူးကုဆေးရုံ (၄) ရုံက ကျန်းမာရေးဝန်ထမ်း စုစုပေါင်း ၃၈၀၀ ကျော်ကို ဒီနေ့မနက်ပိုင်းက စတင်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေး COVISHIELD ကို ထိုးနှံပေးလျက်ရှိပါတယ်။

"ဆေးထိုးတဲ့အခါမှာ တတ်နိုင်သလောက် အန္တရာယ်မဖြစ်အောင် ကြိုးစား ဆောင်ရွက်နေပါတယ်။ ကာကွယ်ဆေးထိုးဖို့ ရောက်လာတဲ့သူတိုင်းကို ကိုယ်အပူချိန်၊ သွေးပေါင်ချိန်၊ သွေးထဲမှာရှိတဲ့ အောက်ဆီဂျင်ပါဝင်မှု ပမာဏတွေကို စစ်ဆေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေး ထိုးပေးပါတယ်။ အခုလာရောက်ဆေးထိုးတဲ့သူတွေကလည်း ကျန်းမာရေးဝန်ထမ်းတွေဖြစ်တော့ ကျန်းမာရေး အသိပညာမြင့်ပြီးသားဖြစ်တဲ့အတွက် ဆေးထိုးနှံမှုလုပ်ငန်းစဉ်တွေက ချောချောမွေ့မွေ့ဖြစ်သွားမယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

ကာကွယ်ဆေး လာရောက်ထိုးနှံသူများကို ကာကွယ်ဆေးထိုးနှံပြီးနောက် အန္တရာယ်တစ်စုံတစ်ရာ ရှိ မရှိ သိရှိနိုင်ရန် နာရီဝက်စောင့်ကြည့်ပြီးမှသာ ပြန်လည်ထွက်ခွာခွင့်ပြုကြောင်းနှင့် ဆေးထိုးပြီး ၂၄ နာရီအတွင်း တစ်စုံတစ်ရာ ထူးခြားမှုရှိပါက ချက်ချင်း သတင်းပေးပို့ အကြောင်းကြားနိုင်ရန် ဆောင်ရွက်ထားကြောင်း သိရသည်။

"ကျန်းမာရေး ဝန်ထမ်းဦးရေနည်းတဲ့ မြို့နယ်ဆေးရုံတွေကတော့ ဒီနေ့တစ်ရက်တည်းနဲ့ ထိုးနှံမှုလုပ်ငန်းစဉ် ပြီးမှာဖြစ်ပါတယ်။ လူဦးရေများတဲ့ဆေးရုံကြီးတွေကတော့ ၂ ရက်၊ ၃ ရက်အထိ ထိုးနှံပေးရမှာ ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေကို ထိုးနှံပြီးရင်တော့ ဒုတိယအသုတ်အနေနဲ့ လွှတ်တော် ကိုယ်စားလှယ်တွေ၊ လွှတ်တော်သုံးရပ်က ဝန်ထမ်းတွေကို ကာကွယ်ဆေး ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။ နောက်လတွေမှာလည်း ဝန်ကြီးဌာနက ချမှတ်ပေးတဲ့ စာရင်းဇယားတွေအတိုင်း ကာကွယ်ဆေးထိုးနှံမှုတွေကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဆေးကတော့ အဆင့်ဆင့်ရောက်ရှိလာမှာ ဖြစ်ပါတယ်။ နောက်ထပ် ထိုးနှံပေးရမယ့် အုပ်စုတွေကိုလည်း ဗဟိုကော်မတီက ချမှတ်ပေးတဲ့အတိုင်း ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။ ဒီလိုအစဉ်လိုက် ထိုးနှံပေးသွားမှာဖြစ်တဲ့အတွက် ပြည်သူတွေဆီကိုလည်း ရောက်ရှိလာမှာဖြစ်ပါတယ်" ဟု ဒေါက်တာ မြတ်ဝဏ္ဏစိုးက ပြောသည်။

နေပြည်တော်၌ COVISHIELD ကာကွယ်ဆေး ပထမဆုံးထိုးနှံခဲ့သည့် နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီးမှ အထက်တန်းသူနာပြု ဒေါ်အေးမူမူ က " ကျွန်မက ပထမဆုံး ကာကွယ်ဆေး ထိုးရတဲ့သူဆိုတော့ နည်းနည်းတော့ စိတ်လှုပ်ရှားပါတယ်။ ဒါပေမယ့် တခြားကာကွယ်ဆေးတွေ ထိုးဖူးတဲ့ အတွေ့အကြုံရှိထားတော့ စိုးရိမ်မှု အများကြီးတော့ မရှိပါဘူး။ ဆေးထိုးရမယ်ဆိုတော့ ပထမဆုံး နာမည်စာရင်းသွင်းရတယ်။ ပြီးတော့ Screen Area မှာ လိုအပ်တဲ့ စစ်ဆေးမှုတွေ လုပ်ပေးတယ်။ အဲဒါတွေပြီးမှ ကာကွယ်ဆေးထိုးရတယ်။ ကာကွယ်ဆေး ထိုးပြီး ဆေးထိုးတဲ့ခန်းမထဲမှာပဲ ထူးခြားတဲ့ လက္ခဏာ ရှိ မရှိ သိရဖို့ နာရီဝက် ထိုင်စောင့်ရပါတယ်။ ကာကွယ်ဆေး မထိုးခင်ကတော့ ကာကွယ်ဆေးထိုးနှံမှုနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကိုလည်း လေ့လာထားတယ်။ ဘေးထွက်ဆိုးကျိုး တစ်ခုခုရှိမှာကို စိုးရိမ်ခဲ့တယ်။ ဆေးထိုးပြီး ဘာမှထူးခြားတဲ့ လက္ခဏာမျိုး မရှိတော့ စိတ်အေးရပါတယ်။ စိတ်ချရတဲ့အခြေအနေမှာလည်း ရှိပါတယ်။ ဒါကြောင့် ပြည်သူလူထုအနေနဲ့ ကာကွယ်ဆေးနဲ့ပတ်သက်ပြီး အများကြီး စိုးရိမ်မှုမဖြစ်ကြဖို့နဲ့ ကာကွယ်ဆေးကိုလည်း ထိုးနှံခွင့်ရရှိတဲ့အခါမှာလည်း ထိုးကြပါလို့ တိုက်တွန်းလိုပါတယ်။ ကာကွယ်ဆေးထိုးပြီး ဆောင်ရန်၊ ရှောင်ရန် ကိစ္စကတော့ ထွေထွေထူးထူး မရှိပါဘူး" ဟု ပြောသည်။

ထို့အတူ ကိုဗစ်ကာကွယ်ဆေး ထိုးနှံခဲ့သည့် နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီးမှ အထက်တန်း သူနာပြု ဒေါ်မြင့်မြင့်ဌေးက "ကျွန်မက အခုလက်ရှိမှာ ကိုဗစ် -၁၉ ရောဂါဖြစ်နေတဲ့ လူနာတွေထားတဲ့ အဆောင်မှာ တာဝန်ထမ်းဆောင်နေရပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေကို ကာကွယ်ဆေး ထိုးပေးမယ်ဆိုပြီး မနေ့က စာရင်းသွင်းရပါတယ်။ ဒီနေ့မနက် ၇ နာရီခွဲကစပြီး ဆေးထိုးမယ့် နေရာမှာ စနစ်တကျ တန်းစီစောင့်ဆိုင်းရပါတယ်။ ကာကွယ်ဆေး ထိုးမယ့်သူတွေ ဖြည့်စွက်ရမယ့် အချက်အလက်တွေကို ဖြည့်စွက်ရတယ်။ ပြီးရင် သွေးပေါင်ချိန်ရတယ်။ သွေးပေါင်ပုံမှန်ရှိမှ ကာကွယ်ဆေးထိုးပေးပါတယ်။ ဆေးထိုးပြီး နာရီဝက်စောင့်ကြည့်ရတယ်။ နာရီဝက်စောင့်ကြည့် ပြီး ထူးခြားမှု တစ်စုံတစ်ရာမရှိမှ ပြန်ထွက်ခွင့်ပြုပါတယ်။

"ကိုဗစ် ကာကွယ်ဆေးနဲ့ ပတ်သက်ပြီးတော့ သတင်းတွေ အများကြီး ပျံ့နှံ့နေတာ ရှိပါတယ်။ ကာကွယ်ဆေးထိုးရင် ဘာဖြစ်မယ်၊ ကာကွယ်ဆေး မထိုးရင် ဘာဖြစ်မယ် ဆိုတာမျိုးတွေ အများကြီးပျံ့နှံ့နေပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေထဲမှာ ကာကွယ်ဆေး စထိုးရတဲ့သူဖြစ်တော့ စိုးရိမ်စိတ် ရှိတာပေါ့။ ထိုးပြီးတဲ့အချိန်မှာတော့ အရင်ကာကွယ်ဆေးထိုးတဲ့ အတွေ့အကြုံတွေအတိုင်းပါပဲ။ ဘာမှ ထူးထူးခြားခြားမရှိပါဘူး။ ကျွန်မ ကာကွယ်ဆေးထိုးပြီးတာ တစ်နာရီ ကျော်ပါပြီ။ ဘာမှထူးထူးခြားခြား ခံစားရတာမရှိဘဲ အားလုံးပုံမှန် အတိုင်းပါပဲ။ ဒါကြောင့် ဒီ ကိုဗစ် ကာကွယ်ဆေးက ထိုးသင့်ပါတယ်။ ပြည်သူတွေလည်း နောက်ထပ် ကာကွယ်ဆေးတွေ ရလာတဲ့အခါမှာ ထိုးကြပါ။ ဘာမှစိုးရိမ်ကြောက်လန့်စရာ မရှိပါဘူး" ဟု ပြောသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံသည့် နေရာများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကာကွယ်ဆေး ထိုးနှံမည့် ပြည်သူလူထု သိရှိထားရမည့် အချက်များကို ကာကွယ်ဆေးလာရောက်

*စာမျက်နှာ ၅ သို့*

# နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် လုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အသစ် ၁၄ ခု ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြု




**နေပြည်တော် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ (ယာပုံ)

**အလုပ်အကိုင် ၄၃၇၁ နေရာကို ဖန်တီးပေးနိုင်မည်**

အစည်းအဝေးတွင် ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လေးခု၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ အိမ်ရာအဆောက်အအုံကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍအလိုက် လုပ်ငန်းအသစ် ၁၄ ခုကို ခွင့်ပြုခဲ့သည်။ အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၂၈၅ ဒသမ ၂၇၉ သန်းနှင့် ငွေကျပ် ၁၅၃ ဒသမ ၆၈၆ ဘီလီယံ ရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၄၃၇၁ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် ခွင့်ပြုခဲ့သည့် လုပ်ငန်းများတွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၌ ဆောင်ရွက်မည့် ၄၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း လေးခုနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Scoular Myanmar Co., Ltd. က ဆောင်ရွက်မည့် တန်ဖိုးမြှင့်ထုတ်လုပ်ထားသော ငါးစာထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း တစ်ခု အပါအဝင် ဝက်မွေးမြူရေးလုပ်ငန်းများလည်း ပါဝင်သည်။

**အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ကိုဗစ်-၁၉ စီးပွားရေး ထိခိုက်မှုသက်သာရေး စီမံချက်နှင့်အညီ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ယနေ့ခွင့်ပြုပေးသည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း လုပ်ငန်းများသည် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတော် ဓာတ်အားစနစ်မှ တစ်နိုင်ငံလုံး ရာနှုန်းပြည့် လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေး ဦးတည်ချက်အား အထောက်အကူပြုနိုင်မည် ဖြစ်သည်။

ခွင့်ပြုပေးခဲ့သည့် နေရောင်ခြည်စွမ်းအင်သုံး (ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်) လုပ်ငန်းသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၂ ရက်တွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပခဲ့သည့် Climate Ambition Summit ၌ ပြောကြားခဲ့သည့် ဗီဒီယိုမိန့်ခွန်းတွင်ပါရှိသည့် လမ်းညွှန်ချက်အရလည်းကောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအဆင့် ရာသီဥတု ပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် (National Determined Contribution-NDC) ကို ဆောင်ရွက်သွားမည့် ရည်မှန်းချက်အရလည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၁ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၁၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၅ ဒသမ ၉၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၅၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ



**နေပြည်တော် ဇန်နဝါရီ ၂၇**

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည့် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

အစည်းအဝေးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ၊ ပြင်ဆင်သည့် ဥပဒေနှင့် နည်းဥပဒေများ ထုတ်ပြန်ထားမှု၊ အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီဖွဲ့စည်းရေးအတွက် အဖွဲ့က ကောင်စီဝင် ရွေးကောက်တင်မြှောက်ရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း၊ ကောင်စီဝင်ရွေးကောက်တင်မြှောက်ရေးလုပ်ငန်း ကော်မတီ ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများသို့ အမည်စာရင်း တောင်းခံခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ ကောင်စီဝင်ရွေးချယ်တင်မြှောက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ၊ ကောင်စီဝင်များတွင် ရှိရမည့် အရည်အချင်း၊ အတွေ့အကြုံနှင့် နယ်ပယ်များ၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီ၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ၊ Spectrum Allocation လုပ်ငန်းစဉ်များ ကြီးကြပ်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ဆောင်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လုပ်ငန်းအချိန်ဇယားများနှင့်အတူ ရှင်းလင်းတင်ပြကြသည်။

**ကြိုတင်ပြင်ဆင်ဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများ အပေါ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်နှင့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းတို့က ပြဋ္ဌာန်းထားရှိပြီးဖြစ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းစဉ်အချိန်ဇယား လျာထားသတ်မှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီ အနေဖြင့် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်း၊ လိုင်စင်လျှောက်ထားသူများ စိစစ်ခွင့်ပြုခြင်း၊ သက်တမ်းတိုးခြင်း၊ ဆိုင်းငံ့ခြင်း၊ လိုင်စင်သိမ်းယူခြင်း၊ ကျင့်ဝတ်များ ရေးဆွဲပြဋ္ဌာန်းခြင်း၊ စီမံခန့်ခွဲမှုဖြင့် အရေးယူခြင်း၊ အသုံးစရိတ်များ သတ်မှတ်ပြဋ္ဌာန်းခြင်း၊ လိုင်းနှုန်းစဉ် လျာထားခြင်းစသည့် လုပ်ငန်းများအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။

**သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

ထိုးနှံသူများ မြင်သာသည့် နေရာများတွင် ချိတ်ဆွဲကြေညာထားသည်ကို တွေ့ရှိရသည်။

နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေး ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုနှင့်စပ်လျဉ်း၍ ဆေးရုံအုပ်ကြီး ဒေါက်တာ သီတာစိုးက “ဒီနေ့ ကာကွယ်ဆေးထိုးတဲ့ ကျန်းမာရေး ဝန်ထမ်းတွေထဲမှာ ဒီဆေးရုံက ၃၂၈ ဦးနဲ့ တိုင်းရင်းဆေးက ၂၄၀ ကျော် စုစုပေါင်း လူဦးရေ ၅၀၀ ကျော်ထိုးဖို့ လျာထားပါတယ်။ ကာကွယ်ဆေးလာထိုးတဲ့ ဝန်ထမ်းတွေကို ဆေးမထိုးခင်မှာ သွေးပေါင်ချိန်တယ်။ သွေးအတွင်း အောက်ဆီဂျင်ပမာဏတိုင်းတယ်။ ကိုယ်အပူချိန် တိုင်းပါတယ်။ အဲဒီလိုတိုင်းတဲ့အခါမှာ သွေးတိုးရှိတာတွေကို တွေ့ရပါတယ်။ ဒါကြောင့် ၁၅ မိနစ်နားခိုင်းပြီး ပြန်တိုင်းပါတယ်။ ညွှန်ကြားချက်ထဲမှာလည်း သွေးပေါင်ချိန် ၁၄၀၊ ၉၀ ဆိုရင် ပြန်စစ်ပြီး ထိုးဖို့ပါပါတယ်။ ကာကွယ်ဆေးထိုးပေးတဲ့ အချိန်မှာ အခက်အခဲတော့ မရှိပါဘူး။ တချို့ မူးတာလောက်ပဲ ရှိပါတယ်။ ဆေးထိုးတာ အောင်မြင်တယ်လို့ ပြောလို့ရပါတယ်။ ဒီဆေးရုံမှာရှိတဲ့ ဝန်ထမ်းတွေလည်း အားလုံးနီးပါး ထိုးကြပါတယ်။ အားလုံးကလည်း ထိုးချင်နေကြတာပါ။ ဘာလို့လဲဆိုတော့ ဒီဆေးရုံက ကိုဗစ်-၁၉ Positive လူနာတွေ လက်ခံတဲ့ ဆေးရုံဖြစ်လို့ပါ။ ဒီက ဝန်ထမ်းတွေက Positive လူနာတွေနဲ့ အနီးကပ် ထိတွေ့နေရတာပါ။ ဒါကြောင့် ကာကွယ်ဆေးကို တခြားဆေးရုံတွေထက် ပိုပြီးမျှော်လင့်ကြတာပါ။ ဒီဆေးရုံက ဝန်ထမ်းတွေ အနေနဲ့ ကိုဗစ်-၁၉ Positive လူနာတွေနဲ့ ထိတွေ့နေရပေမယ့် Positive ဖြစ်သွားတာ တစ်ယောက်မှမရှိပါဘူး။ ဒါကြောင့်လည်း ဂုဏ်ယူပါတယ်” ဟု ပြောသည်။

ယနေ့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး COVISHIELD ပထမအကြိမ်ထိုးနှံခဲ့ကြသူများအနေဖြင့် ပထမအကြိမ် ဆေးထိုးပြီးနောက် ၂၈ ရက်အကြာ ဖေဖော်ဝါရီ ၂၄ ရက်တွင် ဒုတိယအကြိမ် ထပ်မံ ထိုးနှံကြရမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မျိုးသူဟိန်း၊ ဟိန်းမင်းစိုး**
**ဓာတ်ပုံ-စိုးဝင်းထွန်း**

# ညီညွတ်မှုဖြင့် ပြည်ထောင်စုတည် နိုင်ငံ၏ အသည်းနှလုံး

သိန်းထွန်း(IR)

**၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၁ နာရီအချိန် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပင်လုံမြို့လေးတွင် စုဝေးရောက်ရှိနေကြသည်က ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များဖြစ်သည်။ နိုင်ငံ့အနာဂတ်အရေးအတွက်၊ စည်းလုံးသော၊ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်ထောင်ရေးအတွက် မျက်နှာချင်းဆိုင်ကြသည်၊ ဆွေးနွေး ညှိနှိုင်းကြသည်၊ အဖြေရှာကြခဲ့သည်၊ သဘောတူလက်မှတ်ရေးထိုးခဲ့ကြ၏။ ယင်းမှာ ခေတ်သစ် ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး နိဒါန်းအစပင်ဖြစ်ပါ၏။ မြန်မာ့သမိုင်းအဆက်ဆက်တွင် တိုင်းရင်းသားညီအစ်ကိုများအကြား ပထမဆုံးသဘောတူလက်မှတ်ရေးထိုးကြသည့် ပြည်ထောင်စုသဘောတူစာချုပ်ဟု ဆိုရမည့် ပင်လုံစာချုပ် ချုပ်ခဲ့ကြသည်။**

ထို တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပင်လုံစာချုပ်ကို လွယ်လွယ်ကူကူ လက်မှတ်ထိုးနိုင်ခဲ့သည် တော့မဟုတ်။ နယ်ချဲ့တို့၏ သွေးခွဲမှုအမျိုးမျိုးအပါအဝင် အခက်အခဲများကြားမှ မှန်ကန်သော စေတနာ၊ မဆုတ်မနစ်သောဇွဲဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်များက အမျိုးသားစည်းလုံး ညီညွတ်ရေးကို တည်ဆောက်ခဲ့ရခြင်း ဖြစ်ပေသည်။ မြန်မာ့လွတ်လပ်ရေးထက် တစ်နှစ်ခန့်စောသော တိုင်းရင်းသားညီအစ်ကိုများအကြား သဘောတူစာချုပ်ပင်။ ယနေ့ဆိုလျှင် ပင်လုံစာချုပ် ချုပ်ခဲ့သည်မှာ နှစ်ပေါင်း ၇၄ နှစ်ပင် ကြာခဲ့လေပြီ။

ထိုတိုင်းရင်းသားစည်းလုံးညီညွတ်မှု မရှိခဲ့လျှင် မြန်မာ့လွတ်လပ်ရေးမည်သို့ဖြစ်မည်နည်း။ ပြည်ထောင်စုမြန်မာနိုင်ငံအနာဂတ် မည်သို့ဖြစ်မည်နည်း။ ထိုမေးခွန်းတို့၏ အဖြေသည် ပင်လုံစာချုပ်ဆိုသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပင် ဖြစ်ပေလိမ့်မည်။ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ပြီးနောက် ပြိုကွဲနေသော ကမ္ဘာ့နိုင်ငံများကို နမူနာယူနိုင်ပါသည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားများဖြင့် စုစည်းနေထိုင်ကြသည့် နိုင်ငံဖြစ်သည်။ ယင်းသည် မြန်မာနိုင်ငံအတွက် အသည်းနှလုံးပင် ဖြစ်၏။ ထို့အတွက် တိုင်းရင်းသားများ၏ ညီညွတ်မှုသည် လွတ်လပ်ရေးအတွက် အထူးပင် အရေးပါခဲ့သကဲ့သို့ နောင်တွင်လည်း ဆက်လက်အရေးပါနေဦးမည် ဖြစ်သည်။



**"သမိုင်းဖြစ်စဉ်များတွင် နိုင်ငံစည်းလုံးညီညွတ် အားကောင်းချိန်တွင် နိုင်ငံတည်ဆောက်နိုင်၍ နိုင်ငံအတွင်း သူတစ်လူ ငါတစ်မင်းနှင့် စည်းလုံးမှုပြိုကွဲနေချိန်၊ အုပ်ချုပ်ရေးအာဏာ လျော့ကျလာချိန်တွင် နိုင်ငံပြိုကွဲခဲ့သည်ကို တွေ့မြင်ခဲ့ကြရပြီးဖြစ်"**

## တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသရုပ်

မိမိတို့နိုင်ငံတွင် ပြည်ထောင်စုနေ့ဟု ဆိုလိုက်လျှင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသရုပ်၊ လွတ်လပ်ရေးအတွက် အခြေခံအုတ်မြစ်ဟု အားလုံးက နားလည်လက်ခံထားပြီး ဖြစ်သည်။ အထူးသဖြင့် ကိုလိုနီအုပ်ချုပ်ရေးကာလအလွန် အနာဂတ် မြန်မာနိုင်ငံတည်ဆောက်ရေးအတွက် တိုင်းရင်းသားများ၏ တစည်းတလုံးတည်း သဘောကိုပြသသော အမှတ်လက္ခဏာ ဖြစ်သည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသား လူမျိုးပေါင်း ၁၃၅ မျိုးဖြင့် စုစည်းနေထိုင်ကြသည်ဆိုသည်မှာ မိမိတို့နိုင်ငံ၏ ထူးခြားသော ဝိသေသလက္ခဏာဖြစ်သည်ဆိုသည်ကို အစဉ်သတိချပ်ကြရပါမည်။ မတူကွဲပြားသော တိုင်းရင်းသားများ စုစည်းနေထိုင်ကြသည်ဆိုသည်မှာ အားသာချက်များ ရှိနေ သကဲ့သို့ အားနည်းချက်များလည်း ရှိနေနိုင်ပါသည်။ သုံးတတ်လျှင်အား၊ မသုံးတတ်လျှင် ကျားဆိုသကဲ့သို့ ထိုမတူကွဲပြားမှုများကို မည်ကဲ့သို့ရှုမြင်၍၊ မည်ကဲ့သို့ ကိုင်တွယ် ကျင့်သုံးမည်ဆိုသည်က ပို၍အရေးကြီးပေလိမ့်မည်။

မြန်မာ့သမိုင်းတွင် ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော် တည်ထောင်ခဲ့သည့် သမိုင်းဖြစ်စဉ်များတွင် နိုင်ငံစည်းလုံးညီညွတ် အားကောင်းချိန်တွင် နိုင်ငံတည်ဆောက်နိုင်၍ နိုင်ငံအတွင်း သူတစ်လူ ငါတစ်မင်းနှင့် စည်းလုံးမှုပြိုကွဲနေချိန်၊ အုပ်ချုပ်ရေးအာဏာလျော့ကျလာချိန်တွင် နိုင်ငံပြိုကွဲခဲ့သည်ကို တွေ့မြင်ခဲ့ကြရပြီး ဖြစ်သည်။ မြန်မာနိုင်ငံ ကိုလိုနီလက်အောက်တွင် နိုင်ငံအနှံ့ နည်းလမ်းမျိုးစုံဖြင့် တိုင်းရင်းသားအားလုံးက တော်လှန်တိုက်ခိုက်ခဲ့ကြသော်လည်း တစုတစည်းတည်း စုစည်းနိုင်မှု အားနည်းခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော နယ်ချဲ့ဆန့်ကျင်ရေးတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစုတစည်းတည်း ပေါင်းစည်းနိုင်ခဲ့သဖြင့် နယ်ချဲ့တို့၏ နောက်ဆုံးအချိန်အထိ အမျိုးမျိုးသွေးခွဲမှုများ အကြားမှ တိုင်းရင်းသားများစည်းလုံးညီညွတ်မှုဖြင့် လွတ်လပ်ရေး ရယူနိုင်ခဲ့သည်မှာ စည်းလုံးညီညွတ်ရေး၏ အရေးပါမှုပင် ဖြစ်ပေသည်။

## ခေါင်းဆောင်မှုအောက်မှ စည်းလုံးညီညွတ်ရေး

သို့သော်လည်း ပင်လုံစာချုပ်ဖြင့် စုစည်းနိုင်ခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် ကြာရှည်မခံခဲ့။ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီးနောက်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တစ်စတစ်စ ပြိုကွဲလာခဲ့ပြီး ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခသည်လည်း လွတ်လပ်ရေးနှင့်အတူ ပေါက်ပွားလာခဲ့သည်မှာ ယနေ့အထိပင်။ သို့ဆိုပါလျှင် ဗိုလ်ချုပ်အောင်ဆန်းရှိစဉ်က တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရရှိခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း မရှိတော့သည့်အချိန်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲခဲ့သည်ကို ကြည့်ခြင်းအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် ခေါင်းဆောင်မှု အရည်အသွေးနှင့် ဆက်နွှယ်နေသည်မှာလည်း သတိချပ်ဖွယ်ပင်ဖြစ်၏။

ခေတ်အဆက်ဆက် နိုင်ငံထူထောင်ခဲ့ကြသည့် အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းဘုရားတို့သည် အစိတ်စိတ်ကွဲပြားနေသော မြန်မာနိုင်ငံကို ခိုင်မာအောင် တည်ထောင်နိုင်ခဲ့သည်ကို ကြည့်ရှုခြင်းအားဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တည်ဆောက်ရာတွင် ခိုင်မာသော ခေါင်းဆောင်မှုလိုအပ်ကြောင်း တွေ့မြင်ကြရမည် ဖြစ်သည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှ ယနေ့အထိ ခေတ်သစ်မြန်မာ့သမိုင်းတွင် သွေးစည်းညီညွတ်သည့် အချိန်ကာလနှင့် အချင်းချင်းသွေးကွဲကာ ပဋိပက္ခများ၊ တိုက်ခိုက်မှုများနှင့် ဖြတ်သန်းရသည့်ကာလ နှိုင်းချိန်ပါက အချင်းချင်းသွေးကွဲသည့်ကာလ ပိုမိုများပြားခဲ့သည်ကို တွေ့ရပေမည်။ သို့အတွက်လည်း နိုင်ငံပြန်လည်တည်ဆောက်နိုင်သည့် အချိန်ကာလ နည်းပါးခဲ့ပြီး အဆင်းရဲဆုံးနိုင်ငံဘဝ ရောက်ခဲ့ရသည်မှာလည်း စည်းလုံးမှုမရှိခြင်း၏ အကျိုးဆက်တစ်ခုဟု ဆိုရပါမည်။ ခေတ်အဆက်ဆက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပျက်ပြားစေသည့် အရင်းခံအကြောင်းတရားတို့တွင် တိုင်းရင်းသားပြဿနာ၏ အရင်းခံကို လျစ်လျူရှုခြင်း၊ လူမျိုးစွဲ၊ ဝါဒစွဲကြီးမားခြင်း၊ ရာထူးအာဏာနှင့် ကိုယ်ကျိုးစီးပွားရှာခြင်း၊ အမုန်းတရားနှင့် အာဃာတရှိနေခြင်း၊ သွေးထိုးလှုံ့ဆော်မှုများရှိနေခြင်းတို့ကို အဓိကတွေ့ရနိုင်သည်။

## ရေရှည်ခိုင်မာသော ပြည်ထောင်စု

တိုင်းရင်းသားလူမျိုးများ စုစည်းနေထိုင်ကြသော နိုင်ငံတွင် ခိုင်မာ၍ ရေရှည်တည်တံ့သော ပြည်ထောင်စုအဖြစ် တည်ထောင်ရန်ဆိုပါက တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့် သက်ဆိုင်သူများအားလုံးအကြား ထာဝရတည်တံ့သော ငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးဆိုင်ရာ ဘုံသဘောတူညီချက်များအပေါ်အခြေခံရန် လိုအပ်မည်ဖြစ်ပေသည်။ ထို့အတူ စည်းလုံးညီညွတ်မှုနှင့် ရင်ကြားစေ့ရေးတည်ဆောက်ရာတွင် စည်းလုံးမှုကို ပျက်ပြားစေသည့် အရင်းခံအကြောင်းတရားများကိုလည်း အစွဲကင်းကင်း၊ အာဃာတကင်းကင်းဖြင့် ရှာဖွေဖြေရှင်းကြရန် ဦးစွာ လိုအပ်ပေလိမ့်မည်။

မိမိတို့နိုင်ငံတွင် ပင်လုံသဘောတူစာချုပ် ချုပ်ဆိုခဲ့သည်မှာ နှစ်ပေါင်း ၇၄ နှစ် ရှိသည့်တိုင် တိုင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားရင်ကြားစေ့ရေးခရီးလမ်းမှာ မြင့်ချီ နိမ့်ချီ အတက်အကျများနှင့်ရှိနေဆဲပင်။ ယခုအချိန်သည် မိမိတို့အားလုံးအကြား ကျောခိုင်းနေကြရမည့်အချိန် မဖြစ်သင့်တော့၊ မိသားစုစိတ်ဓာတ်ဖြင့် မျက်နှာချင်းဆိုင်သင့်ပေပြီ။ စည်းလုံးညီညွတ်ရေး၊ အမျိုးသားရင်ကြားစေ့ရေးဆိုသည်ကလည်း သဘောတရားနှင့် လက်တွေ့ဟန်ချက်ညီရန် လိုအပ်ပါသည်။

## ဘုရားဟော စည်းလုံးညီညွတ်မှု

နိုင်ငံတစ်နိုင်ငံ၏ စည်းလုံးညီညွတ်မှု၊ နိုင်ငံတစ်နိုင်ငံ၏ ရပ်တည်မှုနှင့် နိုင်ငံတစ်နိုင်ငံ၏ ပျက်သုဉ်းမှုတို့ကို ဒီဃနိကာယ်၊ မဟာပရိနိဗ္ဗာနသုတ်၊ မင်းတို့ မဆုတ်ယုတ်ကြောင်း တရားခုနစ်ပါးတွင် အောက်ပါအတိုင်း လေ့လာတွေ့ရှိနိုင်ပါ၏–

မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို မိန့်တော်မူ၏။

"အာနန္ဒာ ဝဇ္ဇီမင်းတို့သည် မကြာမကြာ စည်းဝေးကုန်၏လော။ အကြိမ်များစွာ စည်းဝေးကုန်၏လော၊ သင် အဘယ်သို့ ကြားရသနည်း" ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား "ဝဇ္ဇီမင်းတို့သည် မကြာမကြာ စည်းဝေးကုန်၏။ အကြိမ်များစွာ စည်းဝေးကုန်၏" ဟု အကျွန်ုပ် ကြားရပါသည်ဟု (လျှောက်၏)။

အာနန္ဒာ ဝဇ္ဇီမင်းတို့သည် မကြာမကြာ စည်းဝေး လျက် အကြိမ်များစွာ စည်းဝေးနေကြသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

"အာနန္ဒာ ဝဇ္ဇီမင်းတို့သည် အညီအညွတ်စည်းဝေးကုန်၏လော၊ အညီအညွတ် အစည်းအဝေးမှ ထကုန်၏လော၊ ဝဇ္ဇီတိုင်းရေးကိစ္စတို့ကို အညီအညွတ် ဆောင်ရွက်ကုန်၏လော၊ သင် အဘယ်သို့ ကြားရသနည်း" ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား "ဝဇ္ဇီမင်းတို့သည် အညီအညွတ် စည်းဝေးကုန်၏၊ အညီအညွတ် အစည်းအဝေးမှ ထကုန်၏၊ ဝဇ္ဇီတိုင်းရေးကိစ္စတို့ကို အညီအညွတ် ဆောင်ရွက်ကုန်၏" ဟု အကျွန်ုပ် ကြားရပါ၏ ဟု (လျှောက်၏)။

အာနန္ဒာ ဝဇ္ဇီမင်းတို့သည် အညီအညွတ် စည်းဝေးလျက်၊ အညီအညွတ် အစည်းအဝေးမှ ထလျက် ဝဇ္ဇီတိုင်းရေးကိစ္စတို့ကို အညီအညွတ်ဆောင်ရွက်နေသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

သို့သော်လည်း ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်း၏ ဖြားယောင်းမှု၊ အချင်းချင်းစိတ်ဝမ်းကွဲစေမှုတို့ကြောင့် ဝဇ္ဇီတို့ပျက်စီးခဲ့ကြရပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ရေသောက်မြစ်ဖြစ်သော စည်းလုံးညီညွတ်မှုပြိုကွဲသည်နှင့် နိုင်ငံပျက်စီးရသည့် သာဓကပင်ဖြစ်၏။

## အသွင်ကူးပြောင်းရေးနှင့် အကြီးမားဆုံး စိန်ခေါ်မှု

ယနေ့ အသွင်ကူးပြောင်းဆဲ မြန်မာနိုင်ငံ၏ အကြီးဆုံး စိန်ခေါ်မှုဟုဆိုပါလျှင် စည်းလုံးညီညွတ်ရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးဟု ဆိုရပါမည်။ လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်ရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးတို့သည် အသွင်ကူးပြောင်းရေးနှင့် တိုက်ရိုက်အချိုးကျနေပါသည်။ ယင်းလုပ်ငန်းစဉ်များတွင် အမျိုးသားရင်ကြားစေ့ရေးသည် မရှိမဖြစ်လိုအပ်ချက်တစ်ရပ်လည်း ဖြစ်၏။ အမျိုးသားရင်ကြားစေ့ရေး မရှိပါဘဲ စည်းလုံးမှုတည်ဆောက်ရန် ခက်ခဲပါလိမ့်မည်။ အမျိုးသားရင်ကြားစေ့ရေးသည်အတိတ်ကိုခြေရာကောက်ခြင်းနှင့် အခြေအနေကို ဖန်တီးယူခြင်းဖြစ်ကြောင်း၊ အမျိုးသားရင်ကြားစေ့ရေးသည် ဖြစ်စဉ်တို့၏ အရင်းခံအကြောင်းတရားများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ယင်းသို့သောဖြစ်စဉ်များ အထပ်ထပ် အဖန်ဖန်ဖြစ်နေခြင်းကို ကာကွယ်ရန် ဖြစ်ကြောင်း၊ စစ်ပွဲအလွန်နိုင်ငံများအနက်

စာမျက်နှာ ၇ သို့

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တတိယအကြိမ်လွှတ်တော်အစည်းအဝေးများတွင် သတင်းရယူခြင်း၊ သတင်းထုတ်ပြန်ခြင်း ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတက်ရောက်

## The Asia Foundation မှ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၂၇

**တတိယအကြိမ်လွှတ်တော်အစည်းအဝေးများတွင် သတင်းရယူခြင်း၊ သတင်းထုတ်ပြန်ခြင်းနှင့် သတင်းမှတ်တမ်းရယူခြင်းအတွက် ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လွှတ်တော်အစည်းအဝေးများ၌ သတင်းရယူခြင်း၊ သတင်းထုတ်ပြန်ခြင်းနှင့် သတင်းမှတ်တမ်းရယူခြင်းတို့တွင် မိမိတို့ နိုင်ငံပိုင်မီဒီယာများအနေဖြင့် အတွေ့အကြုံများ ရှိပြီးဖြစ်ကြောင်း၊ ယခု ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ကျင်းပမည့် တတိယအကြိမ်လွှတ်တော် အစည်းအဝေးများတွင် သတင်းရယူခြင်း၊ ထုတ်ပြန်ခြင်းများကိုလည်း ယခင်အတွေ့အကြုံများအပေါ် မူတည်၍ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ သတင်းရိုက်ကူးထုတ်လွှင့်မှုများ ချို့ယွင်းမှုမရှိစေရေး၊ သတင်းဓာတ်ပုံများ အရည်အသွေးပိုမိုကောင်းမွန်စွာရရှိရေးနှင့် သတင်းများ ပြည့်ပြည့်စုံစုံနှင့် အမှားအယွင်းကင်းစွာ ဖော်ပြနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ပ ပုဂ္ဂလိကမီဒီယာများမှ သတင်းသမားများ လွှတ်တော်သတင်းရယူရေးဆိုင်ရာကိစ္စရပ်များတွင်လည်း လွှတ်တော်မှ တာဝန်ရှိသူများနှင့် ပေါင်းစပ်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဌာနဆိုင်ရာအကြီးအကဲများက မိမိတို့ဌာနအလိုက် သတင်းရယူရေး၊ သတင်းထုတ်ပြန်နိုင်ရေးနှင့် သတင်းမှတ်တမ်းရယူခြင်းအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညနေ ၄ နာရီတွင် ပြည်ထောင်စုဝန်ကြီးသည် The Asia Foundation မှ ဌာနေကိုယ်စားလှယ် Mr. Mark McDowell အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လက်ခံတွေ့ဆုံပြီး **(ယာအပေါ်ပုံ)** The Asia Foundation က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Let's Read Program နှင့် Go Digital ASEAN Program တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံ

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ကျန်းမာရေး ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွင်းရှိ သူနာပြုသင်တန်းကျောင်း ခန်းမတွင် ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက် ကြည့်ရှုအားပေးသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီးသည် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုတွင် အများဆုံး ဖြစ်ပွားသည့် တိုင်းဒေသကြီး ဖြစ်ပါကြောင်း၊ ရှေ့တန်းမှနေ၍ အသက်ကိုပဓာနမထားပဲ ကိုယ်ကျိုးစွန့် ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းများကို ယနေ့ကာကွယ်ဆေး စတင်ထိုးနှံမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးကဏ္ဍတွင် တာဝန်ယူဆောင်ရွက်ပေးနေကြသည့် ကျန်းမာရေးဝန်ထမ်းများကို အကာအကွယ်ပေးနိုင်မှု အတိုင်းအတာတစ်ခုထိ အထောက်အကူများစွာ ဖြစ်လိမ့်မည်ဟု ပြောကြားလိုပါကြောင်း၊ ကျန်းမာရေး နယ်ပယ်မှနေ၍ ကြိုးပမ်းဆောင်ရွက်ပေးနေကြသည့် ဆရာဝန်၊ ဆရာမများ၊ စေတနာရှင် လုပ်အားပေးများ၊ ကုသရေးနယ်ပယ်၊ ကာကွယ်ရေး နယ်ပယ်တို့တွင် ကြိုးပမ်းဆောင်ရွက်နေကြသည့်သူများအားလုံး ကိုဗစ်-၁၉ ကပ်ရောဂါဘေးမှ စွန့်လွှတ်စွန့်စား ဆောင်ရွက်ပေးနေသည့် အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ကမ္ဘာ့ကပ်ဘေးကြီး မြန်မာနိုင်ငံအတွင်း အပြီးတိုင် ရပ်တန့်သွားစေရန် ဆက်လက်ကြိုးစား ရန်းကန်ရဦးမည် ဖြစ်ပါကြောင်း၊ ကာကွယ်ဆေးရပြီဖြစ်သော်လည်း ပေါ့ဆမနေသင့်ပါကြောင်း၊ နှာခေါင်းစည်းတပ်ခြင်း၊ လက်ဆေးခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်းများ ဆက်လက်ဆောင်ရွက်နေရမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံခြင်းကို လှည့်လည်ကြည့်ရှုပြီး ကာကွယ်ဆေး ထိုးနှံကြသည့် ကျန်းမာရေး ဝန်ထမ်းများကို ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။

ထို့အတူ ကိုဗစ်-၁၉ ကုသရေးစင်တာများတွင် တာဝန်ထမ်းဆောင်နေကြသည့် ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာရှင် လုပ်အားပေးများအား ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံခြင်းအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ကိုဗစ်-၁၉ ရောဂါကုသရေးဌာန (သုဝဏ္ဏ) ရောဝတီစင်တာ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူနိုင်ရန်အတွက် အလှူရှင်များက ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်ထံ အလှူငွေများ ပေးအပ်လှူဒါန်းပြီး ဒေါက်တာထွန်းမြင့်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒေါက်တာထွန်းမြင့်က ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ကိုဗစ်-၁၉ ကုသရေးစင်တာများတွင် တာဝန်ထမ်းဆောင်နေကြသည့် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာရှင် လုပ်အားပေးများ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနေမှုကို လှည့်လည်ကြည့်ရှု အားပေးစကား ပြောကြားသည်။

ရန်ကုန်တိုင်း ဒေသကြီးတွင် ကျန်းမာရေးဝန်ထမ်း ၂၅၀၀၀ ကျော်ရှိပြီး ယနေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သူနာပြုသင်တန်းကျောင်း ခန်းမတွင် ကျန်းမာရေးဝန်ထမ်း ၂၀၀ နှင့် ကိုဗစ်-၁၉ ရောဂါကုသရေးဌာန (သုဝဏ္ဏ) ရောဝတီစင်တာတွင် ကျန်းမာရေးဝန်ထမ်းနှင့် စေတနာရှင် လုပ်အားပေး ၂၀၀ တို့ကို ကိုဗစ်ကာကွယ်ဆေး ကနဦး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**သတင်း - မင်းသစ်(MNA)**

**ဓာတ်ပုံ - ဇော်မင်းလတ်**

*စာမျက်နှာ ၆ မှ*

တစ်ဝက်သည် တိုက်ခိုက်မှုများအပြီး ပထမဆယ်စုနှစ်အတွင်း ပဋိပက္ခများ ပြန်လည်ဖြစ်ပွားသည်ကို တွေ့ရသဖြင့် အမျိုးသားရင်ကြားစေ့ရေး မပျက်ပြားစေရေး ကြိုတင်တားဆီးရေးသည် များစွာ အရေးပါပါကြောင်း၊ သို့သော်လည်း ရင်ကြားစေ့ရေးသည် ငြိမ်းချမ်းရေး သဘောတူချက် အားလုံးနီးပါး၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သော်လည်း ရင်ကြားစေ့ရေး တိုးတက်ရန် အမှန်တကယ်လုပ်ဆောင်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ နားလည်မှု မရှိတတ်ကြကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်က ဆိုပါသည်။

သို့ဖြစ်ရာ မိမိတို့မြန်မာနိုင်ငံတွင်လည်း အသွင်ကူးပြောင်းရေးဆိုင်ရာ တွေးစရာ တစ်ခုရှိလာသည်မှာ စည်းလုံးညီညွတ်မှုအတွက် အသွင်ကူးပြောင်းခြင်းလား သို့တည်းမဟုတ် သွေးကွဲမှုအတွက် အသွင်ကူးပြောင်းခြင်းလား သို့တည်းမဟုတ် မည်သည့်ရည်ရွယ်ချက်အတွက် အသွင်ကူးပြောင်းခြင်းလဲဆိုသည့် မေးခွန်း သည် မေးရန်လွယ်သလောက် ဖြေရန်ခက်ခဲနိုင်ပါ၏။

### ဗိုလ်ချုပ်အောင်ဆန်း၏ သဘောတရားပါသော လက်တွေ့

မြန်မာနိုင်ငံလွတ်လပ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၏ ပဲ့ကိုင်ဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့က ဗြိတိသျှ နန်းရင်းဝန် အက်တလီနှင့် အမှတ် ၁၀ ဒေါင်းနင်းလမ်း နေအိမ်တွင် တွေ့ဆုံစဉ် **"ကျုပ်တို့ ဗမာပြည်အကြောင်း ပြောကြားတဲ့အခါတိုင်း စည်းလုံးညီညွတ်ပြီး လွတ်လပ်တဲ့ ဗမာပြည်တစ်ပြည်လုံးကို မျက်စိထဲမှာ မြင်ယောင်ပြီး ပြောတာဖြစ်တယ်။ ကျုပ်တို့တစ်ပြည်လုံး စည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်ရာမှာ ကျွန်ုပ်တို့နိုင်ငံတွင်းမှာရှိတဲ့ လူမျိုးစုအားလုံးကို ပြည်ပ ပယောဂမပါဘဲ လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးခွင့်ပေးရင် ကျွန်ုပ်တို့ မကျော်လွှားနိုင်တဲ့ အခက်အခဲဆိုလို့ ဘာမျှရှိမည်မဟုတ်ဘူး၊ အားလုံးစည်းလုံးညီညွတ်လာမှာ အမှန်ပါပဲ"** (ဦးဖေခင်၊ ကိုယ်တွေ့ပင်လုံ)။

ယင်းပြောကြားချက်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံစည်းလုံး ညီညွတ်ရေး စိတ်ဓာတ်နှင့် မျှော်မှန်းချက်ကို ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ ဗိုလ်ချုပ် အောင်ဆန်း၏ အမြော်အမြင်၊ အပြောနှင့် အလုပ်ညီစွာပင် ၁၉၄၇ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခဲ့သည်မှာ လက်တွေ့ပင် မဟုတ်ပါလား။

### ညီညွတ်မှုဖြင့် ပြည်ထောင်စုတည်

ယခုကဲ့သို့ အတိတ်သမိုင်းကြောင်းတို့အား တူးဆွ၍ သာဓကထုတ်ရခြင်းမှာ ပို၍ပို၍ စည်းလုံးညီညွတ်သော နိုင်ငံတော်ကြီးတည်ဆောက်ရေး အထောက်အပံ့ဖြစ်စေလိုရေး ရည်ရွယ်ရင်းဖြစ်ပါ၏။ ယနေ့ ကျင်းပနေဆဲ (၂၁) ရာစုပင်လုံသည် ဒီမိုကရေစီအရေး၊ ဖက်ဒရယ်အရေးများကို ရည်ရွယ်၍ တွေ့ဆုံညှိနှိုင်း အဖြေရှာမှုများ အကောင်အထည်ဖော်ခြင်းပင် ဖြစ်သည်။

အမျိုးသားရင်ကြားစေ့ရေးဆိုသည်မှာ မတူကွဲပြားသောလူများနှင့် ကွဲပြားခြားနားသောအရာများအကြား သဟဇာတဖြစ်မှုကို ရှာဖွေခြင်းဟု နားလည်လက်ခံမိပါသည်။ အောင်မြင်သော အမျိုးသားရင်ကြားစေ့ရေးသည် ကြိုတင်သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများမဟုတ်၊ ပညာဉာဏ်နှင့်ယှဉ်သော လမ်းညွှန်ချက်များအပေါ်တွင်သာ မူတည်သည်ဟု မှတ်သားဖူးပါ၏။ မိမိတို့နိုင်ငံကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်သောနိုင်ငံတွင် အရှိတရားဖြစ်သည့် မတူကွဲပြားမှုများကို နားလည်လက်ခံရန်နှင့် သဟဇာတဖြစ်သော ဘုံသဘောတူညီချက်ရှာဖွေနိုင်မှသာ စည်းလုံးညီညွတ်စွာဖြင့် ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကြီး တည်ဆောက်နိုင်မည် ဖြစ်ပေသည်။ ။

# စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ (၁၇)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၇**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ (၁၇) နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်မိန့်ခွန်းပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

**တက်ရောက်**

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးရန်လင်း၊ အငြိမ်းစားသုတေသန ပညာရှင်များ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန သုတေသီများ တက်ရောက်ကြပြီး ဒေသဆိုင်ရာသုတေသန ဗဟိုခြံများ၊ သုတေသနခြံများမှ တာဝန်ရှိသူများ ၊ အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များက Zoom Application အသုံးပြု တက်ရောက်ကြသည်။



**အကျိုးကျေးဇူးများစွာ ဖော်ဆောင်ပေးနိုင်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်တစ်လျှောက် ဆောင်ရွက်ရမှုကို လူအများ သိရှိမြင်တွေ့နိုင်မည် မဟုတ်သော်လည်း အောင်မြင်သော သုတေသန၏ အကျိုးရလဒ်ကိုမူ အများပြည်သူတို့ စားသုံးခံစားနိုင်မည်ဖြစ်ပါကြောင်း၊ သုတေသနရလဒ်ကောင်း တစ်ခုသည် အများအတွက် အကျိုးကျေးဇူးများစွာကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သဖြင့် မိမိ၏ တတ်ကျွမ်းသည့် ပညာ၊ စေတနာ၊ အနစ်နာဖြင့် နိုင်ငံတော်၏ အကျိုးတို့ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ သုတေသန လုပ်ငန်းများအား အရှိန်အဟုန်နှင့် တိုးတက်လာစေရန် နိုင်ငံတော်မှ ရန်ပုံငွေတိုးမြှင့်ရရှိနိုင်ရေးသာမက ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း တို့ကို ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက သုတေသနပညာရှင်များ၊ ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် ရေမြေရာသီအလိုက် သင့်တော်ကောင်းမွန်သည့် သီးနှံမျိုးများ မွေးမြူထုတ်လုပ်ခြင်း၊ သီးနှံစိုက်ပျိုးနည်းစနစ်နှင့် မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးသုံးစွဲခြင်းဆိုင်ရာ သုတေသန လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ တောင်သူလယ်သမားများ သုံးစွဲနေသည့် စိုက်နည်းစနစ်များ၊ ပိုးသတ်ဆေး၊ မြေသြဇာ စသည်တို့ကို သုံးစွဲပုံနည်းစနစ်များ၊ မြေဆီလွှာ အကဲဖြတ်ခြင်း၊ ယူရီးယားနှင့် ဘိုရွန်ရွက်ဖျန်း မြေသြဇာသုံးစွဲခြင်းနှင့် မြေဆီဓာတ်ခွဲမှု အခြေခံသော မြေသြဇာနှုန်းထား ထောက်ခံချက်ပေးခြင်း၊ စိုက်ပျိုးရေ၏ အရည်အသွေး စစ်ဆေးခြင်း၊ အပင်တစ်သျှူးမွေးမြူခြင်းဖြင့် ငှက်ပျော၊ ကြံ၊ သစ်ခွမျိုးတို့ကို မျိုးသန့်ပွားများနည်း ဖော်ထုတ်ခြင်း၊ မြေလွှာမဲ့စိုက်ပျိုးနည်းစနစ် ဖော်ထုတ်ခြင်း၊ သီးနှံအထွက်ကောင်းမျိုးများ မွေးမြူထုတ်လုပ်ခြင်း၊ ဒေသအလိုက် သင့်တော်သည့် စပ်မျိုးများ မွေးမြူထုတ်လုပ်ခြင်း၊ ရာသီဥတုနှင့် လိုက်လျောညီထွေမည့် သီးနှံအလိုက်၊ ဒေသအလိုက် အကျိုးအမြတ်အများဆုံးရရှိမည့် စိုက်ပျိုးနည်းစနစ်များ ဖော်ထုတ်ခြင်းများအပြင် အစားအစာဆိုင်ရာ သုတေသန၊ လယ်ယာစီးပွားဆိုင်ရာသု တေသန၊ စပါးဇီဝဥယျာဉ်ဆိုင်ရာ သုတေသနလုပ်ငန်းများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စာတမ်းဖတ်ကြားတင်ပြမှုကို အားပေး**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နိုင်ငံခြားပညာတော်သင်များ သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး သုတေသနပညာရှင်များ၏ စာတမ်းဖတ်ကြားတင်ပြမှုကို အားပေးချီးမြှင့်သည်။

နိုင်ငံခြားပညာတော်သင်များ သုတေသနစာတမ်းဖတ်ပွဲတွင် စာတမ်းပေါင်း ၃၈ စောင်ကို ဖတ်ကြားကြမည်ဖြစ်ပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခ ဌာနမှူးများ၊ နိုင်ငံခြားပညာတော်သင်များ၊ သုတေသနပညာရှင်များ၊ အငြိမ်းစားသုတေသန ပညာရှင်များ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသီများ၊ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ် ခြံများမှ သုတေသီများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ရှိ ကိုဗစ်ကာကွယ်ဆေးထိုးစုရပ်များသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သွားရောက်ကြည့်ရှု



**နေပြည်တော် ဇန်နဝါရီ ၂၇**

နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ကျန်းမာရေးဝန်ထမ်းများကို ယနေ့နံနက် ၈ နာရီမှစတင်၍ ကိုဗစ်-၁၉ ကာကွယ်ဆေးများ စတင်ထိုးနှံပေးလျက်ရှိသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမဆောင်(၂)ရှိ ကာကွယ်ဆေးထိုးစုရပ်နှင့် သားဖွားသင်တန်းကျောင်း၊ ကာကွယ်ဆေးထိုးစုရပ်တို့သို့ သွားရောက်ခဲ့ကာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုသည်။ **(ဝဲပုံ)**

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမဆုံး ထိုးနှံမှုအဖြစ် နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးမှ အထက်တန်းသူနာပြု ဒေါ်အေးမူမူအား ယနေ့နံနက် ၈ နာရီတွင် ထိုးနှံပေးခဲ့သည်။

ယနေ့ညနေအထိ စာရင်းများအရ ကျန်းမာရေးဝန်ထမ်း ၃၀၅၅၁ ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ကျန်ရှိနေသော ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို လာမည့်ရက်များတွင် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲကို သောကြာနေ့ညတွင် ဆက်လက်ဖျော်ဖြေမည်

**ရန်ကုန် ဇန်နဝါရီ ၂၇**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့အသံ(ရေဒီယို)တွင် ထင်ရှားကျော်ကြားခဲ့သော တေးသီချင်းများအနက်မှ ၇၅ ပုဒ်ကို ရွေးချယ်ပြီး အပတ်စဉ် သောကြာနေ့တိုင်း MRTV ၏ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်လျက်ရှိရာ ဇန်နဝါရီ ၂၉ ရက် ညတွင် ပွဲစဉ် (၈) ကို ဆက်လက်ဖျော်ဖြေမည် ဖြစ်သည်။

အဆိုပါပွဲစဉ်တွင် THE TREES တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် ဇော်ပိုင်၊ ဖြိုးကြီး၊ R.ဇာနည်၊ ဖိုးကာ၊ ရွှေထိုက်၊ အိမ့်ချစ်နှင့် ဖူးဖူးသစ်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ယင်းတင်ဆက်မှုကို ဇန်နဝါရီ ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန သုံးထပ်ဆောင်တည်ဆောက်ရန် မြေနေရာ ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

**နတ်မောက် ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre) အာရ်စီသုံးထပ်အဆောက်အအုံ တည်ဆောက်ရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယမန်နေ့နံနက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဝင်းအတွင်း ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမြင့်အောင်၊ အလုပ်သမားရေးရာဝန်ကြီး ဦးမြင့်ဆွေ ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေနှင့် တာဝန်ရှိသူများက အဆောက်အအုံဆောက်လုပ်မည့် နေရာတွင် ပန္နက်ရိုက်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

အဆိုပါ သုံးထပ်အဆောက်အအုံကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး တည်ဆောက်ပြီးစီးပါက ပြပွဲပြိုင်ပွဲများ ကျင်းပခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် ပြည်သူ့အကျိုးပြု အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာခင်က ပြောကြားသည်။ **လှဝင်း(နတ်မောက်)**



# ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် လူသားချင်းစာနာမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် နေရပ်စွန့်ခွာရသူများအတွက် လူသားချင်းစာနာမှု အကူအညီပေးအပ်ခြင်း ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် သက်ဆိုင်သော လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသော ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) အဖွဲ့အစည်းမှ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Hai Kyung Jun နှင့် ဒုတိယကိုယ်စားလှယ် Ms. Yukiko Iriyama တို့ ဦးဆောင်သော အဖွဲ့အား ယနေ့နံနက်ပိုင်းက



ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် UNHCR ဌာနေကိုယ်စားလှယ်အနေဖြင့် မကြာသေးမီက မြန်မာနိုင်ငံတွင် စတင်တာဝန်ထမ်းဆောင်ပြီးနောက် ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ UNHCR မှ လုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်လေ့လာကြည့်ရှုခဲ့ပြီး သက်ဆိုင်ရာ အစိုးရဌာနများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာ အဆိုပါခရီးစဉ် တွေ့ရှိချက်များနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အချက်များ၊ ရခိုင်ပြည်နယ်တွင် ဆောင်ရွက်လျက်ရှိသည့် Quick Impact Projects (QIPs)များ၏ တိုးတက်မှုများ၊ ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရများ၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေး စီမံကိန်း (UEHRD) တို့နှင့် ပူးပေါင်း၍ နေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားရေး၊ ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေး အမျိုးသားအဆင့် မဟာဗျူဟာနှင့်အညီ ဆောင်ရွက်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲမည့် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခများချုပ်ငြိမ်းနိုင်ရေးအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများ သာတူညီမျှရရှိရေးအတွက် ညှိနှိုင်းကြိုးပမ်းဆောင်ရွက်နေမှုများ၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရေးပါသည့် မိုင်းအန္တရာယ် ကင်းစင်ရေးနှင့် သက်ဆိုင်ရာ နယ်ပယ်များတွင် UNHCR အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်း(၁၁)သင်းမှ ဥက္ကဋ္ဌများကို တွေ့ဆုံ

## လက်ရှိအနေအထား၌ ရှိပြီးခရီးစဉ်ဒေသများကို အဆင့်အတန်းမြှင့်တင်ပြီး ခရီးစဉ်ဒေသသစ်များကိုလည်း ရှာဖွေဖော်ထုတ်ရမည်ဖြစ်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်း (၁၁)သင်းမှ ဥက္ကဋ္ဌများအား နေပြည်တော်ရှိ ဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**






တွေ့ဆုံပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်း (၁၁) သင်းမှ ဥက္ကဋ္ဌများက Online မှ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဇန်နဝါရီ ၈ ရက်တွင် ကျင်းပပြီးစီးခဲ့သည့် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၁) တွင် Myanmar Tourism Strategic Recovery Roadmap (MTSRR) (2021–2025)ကို တရားဝင်ထုတ်ပြန်ခဲ့ပြီး ကိုဗစ်–၁၉ ကြောင့် ထိခိုက်သွားသည့် ခရီးသွားလုပ်ငန်း ပြန်လည်နာလန်ထူလာစေရန် အမျိုးသားအဆင့် Roadmap ဖြစ်သည့် MTSRR ကို လမ်းညွှန်အဖြစ် အသုံးပြုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များက မိမိတို့ဒေသနှင့် ကိုက်ညီသည့် Regional Tourism Master Plan များ ပေါ်ထွက်လာအောင် ရေးဆွဲဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းအဖွဲ့များက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးစေလိုပါကြောင်း။

### ပူးပေါင်းပါဝင်ဆောင်ရွက်

လက်ရှိအနေအထား၌ ရှိပြီးခရီးစဉ်ဒေသများကို အဆင့်အတန်းမြှင့်တင်ပြီး ခရီးစဉ်ဒေသသစ်များကိုလည်း ရှာဖွေဖော်ထုတ်ရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ လုပ်ဆောင်နေသည်များကို ပြည်သူများသိရှိနိုင်ရေးအတွက် ဝန်ကြီးဌာန၏ Facebook နှင့် Website မှ အချိန်နှင့်တစ်ပြေးညီ ဖော်ပြလျက်ရှိရာတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းအဖွဲ့များကလည်း အများပြည်သူ အသိပညာပေးလုပ်ဆောင်နေခြင်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးစေလိုပါကြောင်း။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့၏ ထုတ်ပြန်ညွှန်ကြားချက်များကို မိမိတို့ဝန်ကြီးဌာန ညွှန်ကြားချက်နှင့် ပေါင်းစပ်၍ National Tourism Guideline for COVID–19 Safe Services ကို ထုတ်ပြန်ထားရှိပြီး ဖြစ်ပါကြောင်း။

### စမ်းသပ်ဆောင်ရွက်ခဲ့

ထို့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့် UNWTO၊ WTTC စသည့် နိုင်ငံတကာခရီးသွားအဖွဲ့အစည်းများ၏ လမ်းညွှန်ချက်များကို ပေါင်းစပ်ပြီး Enchanting Myanmar Health and Safety Protocol (HSP) for Safe Tourism Myanmar ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်ချက်နှင့်အညီ ပြုစုထုတ်ပြန်ခဲ့ပြီး ကိုဗစ်–၁၉ ညွှန်ကြားချက် Social Distancing Guidelines များကို လိုက်နာပြီး ဘေးကင်းလုံခြုံစွာ ခရီးသွားနိုင်ကြောင်းကို အများပြည်သူသိမြင်လက်ခံလာရန် Non–landing Sightseeing Flight နှင့် Public Relation Campaign အဖြစ် စမ်းသပ်ဆောင်ရွက်ခဲ့ပါကြောင်း။

### အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိနိုင်ရေး

ပညာရေးဝန်ကြီးဌာနနှင့် ပူပေါင်း၍ Hospitality, Tourism, Guide TVET Diploma သင်တန်းဖွင့်လှစ်နိုင်ရေး၊ အမျိုးသားစံချိန်စံညွှန်းကောင်စီနှင့် ပူးပေါင်း၍ Hotel, Motel, Guest House များ အဆင့်အတန်း ပြန်လည်သတ်မှတ်ရန်နှင့် NSSA နှင့် ပူးပေါင်းပြီး Industry တွင် ကျွမ်းကျင်မှုလက်မှတ်ရသူများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းအဖွဲ့များက သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် Online မှ တက်ရောက်လာကြသည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်း (၁၁)သင်း ဥက္ကဋ္ဌများက COVID–19 Yellow Campaign ပူးပေါင်းဆောင်ရွက်မှု၊ ဟိုတယ်များ star အဆင့် သတ်မှတ်နိုင်ရေး ဆောင်ရွက်မည့်အခြေအနေ၊ COVID Impact Assessment Survey (CIAS) ကောက်ယူစစ်တမ်းထုတ်မှု၊ ပဲခူးတိုင်းနှင့် ရေဝတီတိုင်းသို့ မော်တော်ယာဉ်တန်း ခရီးစဉ်သွားရောက်နိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ထားမှုများအပါအဝင် လုပ်ငန်းဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များက တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် လိုက်နာရမည့် Quarantine သတ်မှတ်ချက်များနှင့် SOP များ တောင်းခံထားမှုအခြေအနေ၊ ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တစ်ဦးကိုတစ်ဦး အသိပေးခြင်း၊ သတိပေးခြင်း မိသားစုစီမံချက်ကို အသင်းအဖွဲ့များ၏ ဆက်စပ်သူအားလုံး အသိပေးဆောင်ရွက်စေရန်ကိစ္စ၊ ဝန်ကြီးဌာနအနေဖြင့် ခရီးသွားမြှင့်တင်ရေး ဆောင်ရွက်ထားရှိမှု၊ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပမည့် ASEAN Tourism ဖိုရမ်အား Online မှ တက်ရောက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်က အသင်းဥက္ကဋ္ဌများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က နိဂုံးချုပ်အမှာစကားပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၂၅–၁–၂၀၂၁)နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၇–၁၂–၂၀၂၀) နေ့မှ (၁၅–၁–၂၀၂၁) နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ၁၀ ဦးကို လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ မဂ္ဂဇင်းလေးဦး၊ အထွေထွေ ၃၃ ဦး၊ ပေါင်း ၃၇ ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ ၁၃ ဦးကို လည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀–၁၀–၂၀၁၄)နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၅ ဦး၊ ထုတ်ဝေ ခြင်းလုပ်ငန်း ၃၀၅၅ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၇၇ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၁၂၇ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် –၂ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့၊ လွိုင်လင်မြို့နှင့် မိုင်းယန်းမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် နမ့်စန်မြို့၊ မင်းတပ်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ကိုဗစ်ကာကွယ်ဆေး ထိုးခြင်းအားဖြင့် တိုင်းပြည်စီးပွားရေးရော၊ ပညာရေးရော အစစအရာရာ ပြန်ပြီး ကောင်းလာမယ်၊ လူတိုင်း ထိုးသင့်တယ်လို့ အကြံပေးချင်ပါတယ်

ဒေါက်တာမျိုးသက်တင်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးကို ယနေ့နံနက်ပိုင်းမှစတင်ကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွင်းရှိ သူနာပြုသင်တန်းကျောင်းခန်းမတွင် ထိုးနှံပေးလျက်ရှိသည်။ ထို့အတူ ကိုဗစ်-၁၉ ရောဂါကုသရေးဌာန (သုဝဏ္ဏ) ရေဝတီစင်တာတွင်လည်း တာဝန်ထမ်းဆောင်နေကြသည့် ဆရာဝန်၊ ဆရာမ၊ သူနာပြုနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်ကာကွယ်ဆေးထိုးကြသည့် ဆရာဝန်၊ ဆရာမ၊ သူနာပြုနှင့် စေတနာ့ဝန်ထမ်းများ၊ ကာကွယ်ဆေး ထိုးနှံနိုင်ရန် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည့် ရေဝတီစင်တာမှ တာဝန်ရှိသူတို့အား တွေ့ဆုံမေးမြန်းထားသည်တို့ကို ဖော်ပြလိုက်ရပါသည်။


ဆရာမကြီး ဒေါ်သက်သက်သိန်း


ဒေါက်တာမျိုးသက်တင်


ဒေါက်တာကြည်ငြိမ်းချမ်းကျော်


ဒေါက်တာခင်ခင်ညို


ဦးဇော်ဇော်

**ဆရာမကြီး ဒေါ်သက်သက်သိန်း**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊**
**သူနာပြုအုပ်**

ကျွန်မတို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ကျွန်မက ပထမဆုံး ကာကွယ်ဆေး ထိုးခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ ကာကွယ်ဆေးထိုးဖို့အတွက် စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေ အားလုံးကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ ကာကွယ်ဆေး အထိုးခံဖို့အတွက် စိတ်ထဲမှာ စိုးရိမ်စိတ် မဖြစ်ခဲ့ပါဘူး။ ဆေးထိုးပြီးတဲ့ အချိန်မှာလည်း ဘာမှ မဖြစ်ပါဘူး။ ကိုဗစ်-၁၉ ရောဂါ ဒီထက်ပိုပြီး ဆိုးရွားမလာအောင် ကာကွယ်ဆေးက ထိုးသင့်ပါတယ်။

**ဒေါက်တာမျိုးသက်တင်**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊**
**ရောဂါဗေဒဌာန ပါမောက္ခ**

ကျွန်တော်တို့ဌာနကို ကာကွယ်ဆေးထိုးမယ့် စာရင်းတွေတောင်းပါတယ်။ ကျွန်တော်တို့ တစ်ဌာနလုံး ကိုယ်ဝန်ဆောင်မိခင်ရယ်၊ နို့တိုက်မိခင်ရယ်ကလွဲပြီး ကျန်တဲ့သူတွေထိုးဖို့ စာရင်းပေးကြတယ်။ ဌာနမှာ လူဦးရေ ၈၀ကျော်ရှိတယ်။ ကိုယ်ဝန်ဆောင်နဲ့ နို့တိုက်မိခင် ဖယ်လိုက်ရင် ကာကွယ်ဆေးထိုးဖို့ ၇၉ ဦးရှိပါတယ်။ ကာကွယ်ဆေး ထိုးရတဲ့အပေါ် စိုးရိမ်စိတ် မဖြစ်ပါဘူး။ ကာကွယ်ဆေးက ထိုးမှပဲ အဆင်ပြေမှာ ဖြစ်ပါတယ်။ ကပ်ရောဂါကြီးရှိနေရင် ဟိုဟာမလုပ်ရဲ၊ ဒီဟာမလုပ်ရဲနဲ့ဆိုရင် စီးပွားရေးတွေလည်း ကျလာမယ်။ အခုဆို ပညာရေးလည်း နှောင့်နှေးနေတယ်။ ကိုဗစ်ကာကွယ်ဆေး ထိုးခြင်းအားဖြင့် ပညာရေးလည်း ပြန်ကောင်းလာမယ်။ ကျောင်းတွေ ပြန်ဖွင့်လာနိုင်မယ်။ စီးပွားရေးတွေလည်း ပုံမှန်လည်ပတ်သွားနိုင်မယ်။ တိုင်းပြည်စီးပွားရေးရော၊ ပညာရေးရော အစစအရာရာ ပြန်ပြီးကောင်းလာမယ်။ လူတိုင်း ထိုးသင့်တယ်လို့ အကြံပေးချင်ပါတယ်။

**ဒေါက်တာကြည်ငြိမ်းချမ်းကျော်**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊**
**ဦးနှောက်နှင့်အာရုံကြော အထူးကုဌာန**

ကာကွယ်ဆေးရတယ်ဆိုတော့ ဝမ်းသာတယ်။ ကာကွယ်ဆေးကလည်း ထိုးဖို့လိုအပ်တယ်။ မြန်မာနိုင်ငံက တခြားနိုင်ငံတွေထက် စောပြီး ကာကွယ်ဆေးရတယ်။ ကျန်းမာရေးဝန်ထမ်းတွေကို ဦးစားပေးထိုးပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ကာကွယ်ဆေး ထိုးခံရတဲ့အပေါ်မှာတော့ စိုးရိမ်စိတ်မရှိပါဘူး။ ကာကွယ်ဆေးရဲ့ ဘေးထွက်ဆိုးကျိုးဆိုတာ မရှိသလောက် နည်းပါးပါတယ်။ အကုန်လုံး ထိုးသင့်ပါတယ်။ ကာကွယ်ဆေး ထိုးပြီးရင်လည်း နောက်ပိုင်းမှာ ဂရုစိုက်ဖို့ လိုပါတယ်။ ဗိုင်းရပ်စ်ပိုး ဖြစ်တဲ့အတွက် အားလုံး မပေါ့ဆသင့်ပါဘူး။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေကို ဆက်လက်လိုက်နာရမှာ ဖြစ်ပါတယ်။

**ဒေါက်တာခင်ခင်ညို**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**
**အဏုဇီဝဗေဒဌာန၊**
**အထူးကုဆရာဝန်ကြီး**

ဌာနက ကာကွယ်ဆေးထိုးဖို့ စာရင်းကောက်တဲ့အခါ စာရင်းပေးလိုက်တယ်။ ကာကွယ်ဆေးထိုးပြီးတဲ့အခါတော့ မနာပါဘူး။ လက္ခဏာတွေ ဘာတွေမပြပါဘူး။ ဒီကာကွယ်ဆေးကတော့ အခုတစ်ကြိမ်ရယ် နောက်တစ်ကြိမ်ရယ် နှစ်ကြိမ်ထိုးရမှာ ဖြစ်ပါတယ်။ နှစ်ကြိမ်ထိုးပြီးရင် ခုခံနိုင်တဲ့ စွမ်းအား ထွက်လာလိမ့်မယ်။ ကိုယ့်အတွက်အကျိုးရှိတယ်။ ပြည်သူတွေအနေနဲ့ ထိုးသင့်တယ်။ ကျန်တဲ့သူတွေလည်း မကူးစက်နိုင်တော့ဘူး။ တော်တော်များများ ခုခံနိုင်တဲ့စွမ်းအား ရတယ်။

**ဦးဇော်ဇော်**
**ရေဝတီဖောင်ဒေးရှင်း ဥက္ကဋ္ဌ**

အခုက ကာကွယ်ဆေးထိုးဖို့ နိုင်ငံတော်က ဦးဆောင်ပြီးတော့ ပြည်သူပြည်သားတွေအတွက် စီစဉ်ပေးတဲ့ အစီအစဉ်ဖြစ်ပါတယ်။ စင်တာဖွင့်တာ အခုဆိုရင် ငါးလလောက်ရှိပြီ။ ဆရာဝန်၊ ဆရာမတွေ၊ သူနာပြုတွေ စေတနာ့ဝန်ထမ်းတွေလည်း ပင်ပန်းနေကြပါပြီ။ သူတို့က တကယ် လုပ်ငန်းခွင်ထဲမှာ လုပ်နေရတယ်။ သူတို့ကို ဦးစားပေးပြီးတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကာကွယ်ဆေး ထိုးနှံပေးတာပါ။ ကျွန်တော်တို့အနေနဲ့ နေရာနဲ့ တခြားလိုအပ်တာတွေ ဖြည့်ဆည်းပေးပါတယ်။ နောက်ပြီး အလှူရှင်တွေ စုပေးပါတယ်။ ဒီနေ့လည်း ဒီမှာ သူနာပြုဆရာမလေးတွေက စပြီး ကာကွယ်ဆေး ထိုးပေးနေတယ်။ ကျွန်တော့်အနေနဲ့ကတော့ နိုင်ငံတော်ကနေ စနစ်တကျ ဦးဆောင်ပြီး လုပ်ပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ ဒီစင်တာမှာ ဆရာဝန်၊ ဆရာမ၊ သူနာပြု၊ စေတနာ့ဝန်ထမ်း ၂၀၀ ကို စတင်ကာကွယ်ဆေး ထိုးနှံပေးသွားမှာဖြစ်ပါတယ်။ တစ်နေ့ ၂၀၀ ထိုးနှံပေးသွားပြီး နိုင်ငံတော်က ဆောင်ရွက်တဲ့ စီမံချက်အတိုင်း ပါဝင်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။


ကိုငြိမ်းချမ်းစိုး


ဒေါ်စိုးယုနန္ဒာ

**ကိုငြိမ်းချမ်းစိုး**
**ကိုဗစ်-၁၉ ရောဂါကုသရေးဌာန**
**(သုဝဏ္ဏ) ရေဝတီစင်တာမှ**
**စေတနာ့ဝန်ထမ်း**

ဒီအချိန်မှာ ကျန်းမာရေးဝန်ထမ်းတွေနဲ့ စေတနာရှင်လုပ်အားပေးသူတွေ ကာကွယ်ဆေး စတင်ထိုးရတဲ့အတွက် စိတ်လှုပ်ရှားမှုတော့ရှိတယ်။ ဒီဆေးတွေ တစ်ခါမှမထိုးဖူးဘူး။ ကာကွယ်ဆေး ထိုးတဲ့အချိန်မှာ နာကျင်ခြင်းက ခဏပါပဲ။ ကာကွယ်ဆေးထိုးပြီးချိန်မှာတော့ ခန္ဓာကိုယ်က ရှိန်းတိန်းတိန်း ဖြစ်မိတယ်။ ခန္ဓာကိုယ် ထူတာ ပူတာလည်း မရှိပါဘူး။ ကာကွယ်ဆေးထိုးပြီးသွားလို့ ကာကွယ်ဆေးက ကျွန်တော်တို့အတွက် အသုံးတည့်မယ်ဆိုရင်တော့ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးမှာ ပိုလှုပ်ရှားလို့ ရတာပေါ့။

**ဒေါ်စိုးယုနန္ဒာ**
**ကိုဗစ်-၁၉ ရောဂါကုသရေးဌာန**
**(သုဝဏ္ဏ) ရေဝတီစင်တာမှ**
**သူနာပြုဆရာမ**

အသက် ၂၂ နှစ်ရှိပါပြီ။ ကျွန်မက ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (သုဝဏ္ဏ) ရေဝတီစင်တာမှာ စေတနာ့ဝန်ထမ်းအနေနဲ့ လုပ်အားလာပေးနေတာပါ။ ဒီစင်တာမှာ တာဝန်ထမ်းဆောင်တာ အခုလ ၂၄ ရက်နေ့က တစ်လပြည့်သွားပါပြီ။ ကာကွယ်ဆေး မထိုးခင်အချိန်ကတော့ နည်းနည်းတော့ စိုးရိမ်စိတ်ဖြစ်မိတယ်။ ထိုးပြီးတော့လည်း အခုချိန်ထိ ဘယ်လိုမှ မဖြစ်သေးဘူး။ အခုလို ကျန်းမာရေးဝန်ထမ်းတွေကို ဦးစားပေး ထိုးပေးတဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ကာကွယ်ဆေးကို ယုံယုံကြည်ကြည်နဲ့ ထိုးစေချင်ပါတယ်။ ဘာမှလည်း မဖြစ်ပါဘူး။

**တွေ့ဆုံမေးမြန်း – မင်းသစ်(MNA)**
**ဓာတ်ပုံ – ဇော်မင်းလတ်**

# ရေဝတီစင်တာရှိ ဆရာဝန်၊ သူနာပြုများနှင့် စေတနာ့ဝန်ထမ်းများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ စတင်ထိုးနှံပေး



**ရန်ကုန် ဇန်နဝါရီ ၂၇**

ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရသူများအား ကုသပေးလျက်ရှိသည့် ရေဝတီစင်တာ (ရန်ကုန်)ရှိ ဆရာဝန်၊ သူနာပြုများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ စတင်ထိုးနှံပေးခြင်းနှင့် အလှူငွေများ လက်ခံခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်နှင့် တာဝန်ရှိသူများ၊ ရေဝတီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အလှူရှင်များ တက်ရောက်သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းမှစတင်ကာ မြန်မာနိုင်ငံတစ်ဝန်းရှိ ကျန်းမာရေးဝန်ထမ်းများကို စတင်ထိုးနှံပေးလျက်ရှိပြီး ရေဝတီဖောင်ဒေးရှင်းက တည်ဆောက်အကောင်အထည်ဖော်ထားသည့် ရေဝတီစင်တာတွင် တာဝန်ယူဆောင်ရွက်လျက်ရှိကြသော ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်း စုစုပေါင်းဦးရေ ၂၀၀ ကို ပထမအကြိမ် ထိုးနှံပေးခဲ့ခြင်းဖြစ်သည်။ ရေဝတီစင်တာတွင် တာဝန်ထမ်းဆောင်နေသူများအနက် ကျန်ရှိသည့် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ဇန်နဝါရီ ၂၈၊ ၂၉ ရက်တွင် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်သည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က အလှူရှင်များ လှူဒါန်းသည့် အလှူငွေများကို လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဝယ်ယူရန်အတွက် ရေဝတီဖောင်ဒေးရှင်း၏ ငွေကျပ် နှစ်ဘီလီယံနှင့်အတူ တက်ရောက်လာသည့် အလှူရှင်များဖြစ်သော ဦးသတိုးဟိန်း + ဒေါ်စိုးမာလာမိသားစုက ငွေကျပ်သိန်း ၂၀၀၀ ၊ AYA SOMPO Insurance က ငွေကျပ်သိန်း၁၀၀၀၊ Farmers Choice Tractor Co., Ltd. က အမေရိကန်ဒေါ်လာတစ်သိန်း၊ ဦးအောင်ဇင် + ဒေါ်ဝင်းကြည်၊ သား ကိုမြတ်သူရအောင်ဇင်၊ သမီး ခင်မြင့်မြတ်မိသားစုက ငွေကျပ်သိန်း ၂၀၀၊ ဦးဝင်းဇော် မိသားစုက ငွေကျပ်သိန်း၂၀၀၊ ဦးမြင့်ဇော် + ဒေါ်နှင်းမိုးလှိုင် မိသားစုက ငွေကျပ်သိန်း ၅၀နှင့် Ashro Group of Companies က ငွေကျပ်သိန်း ၂၂၀ တန်ဖိုးရှိ Godrej အမှတ်တံဆိပ် Vaccine Storage Fridge များ အပါအဝင် စုစုပေါင်း ငွေကျပ်သိန်း ၂၅၀၀၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဖိုးသော်ဇင်၊ ဓာတ်ပုံ – ကိုမိုး**

# ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း အမြို့မြို့အနယ်နယ်၌ ဆောင်ရွက်



ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းအဖြစ် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများအား သတ်မှတ်နေရာများ၌ ဇန်နဝါရီ ၂၇ ရက်က ပထမအကြိမ် ထိုးနှံပေးစဉ်။

တင်စိုး(ပဲခူး)




တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအား ခုတင် ၅၀ ပြည်သူ့ဆေးရုံတိုးချဲ့ဆေးရုံအတွင်း၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ဇန်နဝါရီ ၂၇ ရက်က ထိုးနှံပေးစဉ်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)



ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံခြင်းကို ဇန်နဝါရီ ၂၇ ရက်က ဆောင်ရွက် စဉ်။

ခင်မောင်ထွန်း(ပြန်/ဆက်)



စစ်ကိုင်းမြို့နယ်ရှိ ကျန်းမာရေး ဝန်ထမ်းများကို စစ်ကိုင်းမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဇန်နဝါရီ ၂၇ ရက်က ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

ခိုင်ဇေယျ



စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံခြင်းကို ကသာခရိုင် ပြည်သူ့ဆေးရုံ၌ ဇန်နဝါရီ ၂၇ ရက်က ဆောင်ရွက်စဉ်။

ရဲအောင်(ကသာ)



ချင်းပြည်နယ် တီးတိန်မြို့၌ ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို သတ်မှတ်နေရာများ၌ ဇန်နဝါရီ ၂၇ ရက်က ဆောင်ရွက်စဉ်။

ပေါင်ကျင့်မုန်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ပြည်သူ့ဆေးရုံဝင်း အတွင်းရှိ သုံးထပ်သံဃာ့ဆေးရုံတွင် ဇန်နဝါရီ ၂၇ ရက်က ကျန်းမာရေး ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

နန်းထိုက် (ပြန်/ဆက်)



မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ဇန်နဝါရီ ၂၇ ရက်က ဆောင်ရွက်စဉ်။

ဝင်းမောင်(ကျိုက်ထို)



ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံခြင်းကို မြို့နယ်ပြည်သူ့ဆေးရုံ၌ ဇန်နဝါရီ ၂၇ ရက်က ထိုးနှံပေးစဉ်။

နေဝင်းမြင့် (ကျုံပျော်)



မြန်မာ-ထိုင်းနယ်စပ်ဒေသ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ခရိုင်ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးဝန်ထမ်းများအား ဇန်နဝါရီ ၂၇ ရက်က ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

ယာဆေး(ပြန်/ဆက်)

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ မန္တလေးသို့ ပထမအကြိမ်ရောက်ရှိ ကျန်းမာရေးဝန်ထမ်းများကို စတင်ထိုးနှံပေး



**မန္တလေး ဇန်နဝါရီ ၂၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများတွင် ရှေ့တန်းမှ တာဝန်ယူဆောင်ရွက်နေသည့် ကျန်းမာရေး ဝန်ထမ်းများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးရန် အတွက် (COVISHIELD) ကာကွယ်ဆေးများ ယနေ့နံနက် ၉ နာရီခွဲတွင် မန္တလေးမြို့သို့ ရောက်ရှိလာရာ မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသ ကြီး အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး ပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လက်ခံရယူကြ သည်။

မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်များသည် မြို့တော်ခန်းမ(၁)၌ အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြ သာစည်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့မှ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်း ၁၅၀ ကျော်တို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနေမှုကို လည်းကောင်း၊ ဆေးတက္ကသိုလ်(မန္တလေး)၌ သင်ကြားရေးဆိုင်ရာ ကျန်းမာ ရေးဝန်ထမ်း ၂၀၀ အား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေး နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုပြီး **(အပေါ်ယာပုံ)** ကာကွယ်ဆေးထိုးနှံပေးနေကြသော ဆရာဝန်များနှင့် ကာကွယ်ဆေးထိုးမှုခံယူနေကြသည့် ကျန်းမာရေးဝန်ထမ်း များကို အားပေးစကား ပြောကြားသည်။

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပထမဆုံး ကျန်းမာရေးဝန်ထမ်းတွေ စပြီး ထိုးခွင့်ရတဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က မုဒိတာပွားပါတယ်။ ကိုဗစ်-၁၉ ရောဂါက တစ်ကမ္ဘာလုံးအတွက် အသစ်အဆန်းပါ။ ပထမ ဦးစားပေးက ကျန်းမာရေးဝန်ထမ်းတွေပါ။ ကာကွယ် ဆေးထိုးပြီးရင်လည်း သိပ်ပြီးတော့ အတင့်မရဲကြဖို့ မေတ္တာ ရပ်ခံချင်ပါတယ်။ ဒုတိယအကြိမ် ကာကွယ်ဆေးမထိုးခင် အထိတော့ အနေအထိုင်ဆင်ခြင်ရမယ်လို့ သဘောပေါက်ပါ တယ်။ စီးပွားရေး နာလန်ပြန်ထဖို့ဆိုရင် ကာကွယ်ဆေးက အရေးကြီးပါတယ်။ ကျွန်တော်တို့နိုင်ငံ ကာကွယ်ဆေးရတာ စောပါတယ်။ ကာကွယ်ဆေး ထိုးပြီးပြီဆိုရင် တတ်နိုင်သမျှ ပြည်သူကို ပြန်စောင့်ရှောက်ပေးကြဖို့ မေတ္တာရပ်ခံ လိုပါ တယ် "ဟု မန္တလေးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောသည်။

ယနေ့ရောက်ရှိလာသော ကာကွယ်ဆေးများကို မန္တလေးတိုင်းဒေသကြီးရှိ ကျန်းမာရေးဝန်ထမ်းပေါင်း ၁၅၆၈၉ ဦးအား ယနေ့မှစ၍ သတ်မှတ်ထားသော လူဦးရေ အတိုင်း ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ရောက်ရှိလာသည့် ကာကွယ်ဆေးများအနက် အလုံးရေ ၃၀၀ ကျော်ကို ရှမ်း ပြည်နယ်မြောက်ပိုင်းတွင် ထိုးနှံနိုင်ရန်အတွက် လွှဲပြောင်း ပေးခဲ့ကြောင်း သိရသည်။

"ကာကွယ်ဆေးထိုးပြီးတော့ ဖြစ်လာမယ့် နောက် ဆက်တွဲ ပြဿနာကို ဂရုတစိုက်နဲ့ ဆောင်ရွက်ရမှာ ဖြစ်ပါ တယ်။ အကယ်၍ ပြဿနာဖြစ်ပေါ်လာရင် အချိန်မီ ကုသမှု ပေးနိုင်ဖို့ ဆေးရုံမှာ နေရာတွေ ပြင်ဆင်ထားပါတယ်။ ကုသမှုပေးမယ့် အဖွဲ့တွေ ဖွဲ့ထားပါတယ်။ ဆေးရုံကို အခြေပြုမှာပါ။ ဖြစ်လာရင်လည်း အချိန်မီ ကုသမှုပေးနိုင်မှာ ဖြစ်ပါတယ်။ ထိုးတဲ့နေရာလေးက နာမယ်၊ ရောင်မယ်၊ နည်းနည်း ကိုယ်လက် ကိုက်ခဲတာလောက်ပဲ ရှိပါတယ်။ ကြီးကျယ်တဲ့ ပြဿနာရှိတာတော့ မတွေ့ခဲ့ပါဘူး။ ပထမ တစ်ကြိမ် ကာကွယ်ဆေးထိုးပြီးတာနဲ့ ၂၈ ရက်အကြာမှာ ဒုတိယတစ်ကြိမ် ထပ်မံထိုးပေးမှာဖြစ်ပါတယ်"ဟု မန္တလေး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန မှူး ဒေါက်တာသန်းသန်းမြင့်က ပြောသည်။

"အခု ကာကွယ်ဆေးထိုးတဲ့ အပေါ်မှာတော့ စိတ်လှုပ်ရှားမှု သိပ်မရှိပါဘူး။ ကာကွယ်ဆေးရဲ့ အကျိုး သက်ရောက်မှုကို အနည်းနဲ့အများ လေ့လာထားပါတယ်။ ဆေးထိုးပြီး နောက်ပိုင်း နာရီဝက်လောက် နားနေရတယ် ဆိုတာကလည်း ဆေးရဲ့သက်ရောက်မှု အခြေအနေအတွက် ပါ။ တုပ်ကွေးကာကွယ်ဆေးတွေ၊ ဘယ်ကာကွယ်ဆေးတွေ ထိုးထိုး တစ်ဦးနဲ့တစ်ဦး တုံ့ပြန်မှုချင်း မတူပါဘူး။ ပြည်သူ တွေအနေနဲ့လည်း ကာကွယ်ဆေးထိုးတာကို မကြောက်ကြ ဖို့ လိုပါတယ်"ဟု ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့သူ ဒေါက်တာ နီလာကျော်ဝင်းက ပြောသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွင် ရှေ့တန်းမှ တာဝန်ဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ဇန်နဝါရီ ၂၇ ရက်မှစတင်၍ ထိုးနှံပေးခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ဇန်နဝါရီ ၂၉ ရက်တွင် လည်းကောင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ် စားလှယ်များကို ဇန်နဝါရီ ၃၀ ရက်တွင် လည်းကောင်း ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို လာမည့် ဖေဖော်ဝါရီ ၅ ရက်မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်ထောင်စု အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အစိုးရအဖွဲ့ဝင်များ ကိုလည်း ပြည်သူနှင့်အတူ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ထိုးနှံရာတွင် မိမိအိမ်တွင် နေထိုင်ရေးအစီအစဉ် (Stay at Home)တွင် အကျုံးဝင်သော မြို့နယ်များ၌ နေထိုင်ပြီး အသက်ကြီးသူများ၊ အခြားရောဂါအခံရှိသူများနှင့် ရောဂါရရှိမှုလွယ်သော လူအုပ်စုများကို ဦးစားပေး ထိုးနှံ ပေးသွားမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးရရှိမှု အရေ အတွက်ပေါ်မူတည်ပြီး Stay at Home အစီအစဉ်တွင် အကျုံးဝင်သော မြို့နယ်များအနက် ကူးစက်ဖြစ်ပွားမှု များပြားသော မြို့နယ်များ၊ နေရာဒေသများကို ဦးစားပေး ရွေးချယ် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ဆက်လက်ရရှိ လာမည့် ကာကွယ်ဆေးအရေအတွက်ပေါ် မူတည်၍ ကျန်လူအုပ်စုများကိုလည်း ဦးစားပေး အစီအစဉ်အလိုက် ဆက်တိုက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# တောင်သူအသုံးပြု စိုက်ပျိုးရေးသုတေသန ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် စိုက်ပျိုးရေးဦးစီးဌာန၏ တတိယအကြိမ်မြောက် စာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

**စိုက်ပျိုးရေးဦးစီးဌာန၏ တောင်သူအသုံးပြု စိုက်ပျိုးရေးသုတေသန ဖွံ့ဖြိုးတိုးတက်ရေး တတိယအကြိမ်မြောက် စာတမ်း ဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



စာတမ်းဖတ်ပွဲသို့ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ညွှန်ကြားရေးမှူးချုပ် များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ နှင့် ဌာနခွဲ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ၊ စာတမ်းရှင်များ၊ စိုက်ပျိုးရေး စွန့်ဦး လုပ်ငန်းရှင်များ၊ ပညာရှင်များ၊ ဒေသအသီးသီးမှ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက် ကြသည်။

စာတမ်းဖတ်ပွဲတွင် ဒုတိယ ဝန်ကြီးက လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက် ရာတွင် အဓိကလိုအပ်သည့် အရင်း အနှီး၊ နည်းပညာ၊ ဈေးကွက် သုံးခုလုံး ဘက်ညီညီ ဆောင်ရွက်နိုင်ရန် အထူး အရေးကြီးကြောင်း၊ အဆိုပါ သုံးခု အနက် နည်းပညာရရှိအသုံးပြုနိုင်ရေး သည် အားလုံးပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ခိုင်မာမှုရှိစေရေး၊ နားလည် သဘောပေါက်စေရေး၊ လက်ခံလိုက်နာ ကျင့်သုံးနိုင်ရေး လုပ်ငန်းများသည် အချိန်ယူဆောင် ရွက်ရမည့် လုပ်ငန်းများဖြစ်ပါကြောင်း။

ယခုကဲ့သို့ စာတမ်းဖတ်ပွဲများ ကျင်းပခြင်းအားဖြင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် တိုးမြှင့်ပေးလာနိုင်သည်နှင့် အမှု ခိုင်မာသော သုတေသနတွေ့ရှိချက် များအပေါ် အခြေပြု၍ တောင်သူ ပညာပေးလုပ်ငန်းများ ဆောင်ရွက် ခြင်းဖြင့် အရည်အသွေးနှင့် ထုတ်လုပ် မှုကောင်းမွန်လာပြီး တောင်သူများ ဝင်ငွေတိုးတက်ရရှိကာ လူနေမှုဘဝ မြင့်မားလာစေမည် ဖြစ်ကြောင်း၊ တောင်သူတိုက်ရိုက် အသုံးပြုနိုင်မည့် သုတေသနလုပ်ငန်းများ ဆောင်ရွက် ရာတွင် ပြောင်းလဲလာသော ရာသီဥတု နှင့် လိုက်လျောညီထွေဖြစ်စေရေး၊ ဈေးကွက်တောင်းဆိုမှုရှိသည့် သီးနှံ မျိုးများ ပြောင်းလဲစိုက်ပျိုးရေးအတွက် ဆန်းသစ်သည့် အတွေးအခေါ်များ အခြေပြု၍ သီးနှံအမယ်သစ်များ၊ မျိုးများ၊ စိုက်ပျိုးနည်းစနစ်များ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ ပြောင်းလဲဆောင်ရွက်ရမည် ဖြစ် ကြောင်း၊ သုတေသနနှင့် ပညာပေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသော နည်းပညာများသည် သီအိုရီအရ ခိုင်မာမှုရှိခြင်း၊ ဒေသ ရေမြေနှင့် ကိုက်ညီမှုရှိခြင်း၊ လက်တွေ့ ဆောင်ရွက်နိုင်ခြင်းတို့ကို အဓိက ထည့်သွင်းဆောင်ရွက်ကြရမည်ဖြစ် ကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မူဝါဒများ တွင် တစ်ခုအပါအဝင်ဖြစ်သော စားနပ် ရိက္ခာဖူလုံရေး၊ အစားအစာဘေးကင်း လုံခြုံရေးနှင့် အာဟာရပြည့်ဝရေး မူဝါဒအား အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ထုတ်လုပ်မှု တိုးတက် မြင့်မားရေးသာမက အာဟာရပြည့်ဝ ရေးနှင့် အစားအစာ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် စိုက်ပျိုးရေး ဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practice) နှင့် အော်ဂဲနစ် စိုက်ပျိုးရေးကျင့်စဉ်များ ချမှတ်ဆောင်ရွက်ထားရှိပြီး တောင်သူ လယ်သမားများနှင့် စိုက်ပျိုးထုတ်လုပ် ရောင်းဝယ်ရေး လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေကြသည့် ပုဂ္ဂလိက လုပ်ငန်းရှင်များ လိုက်ပါဆောင်ရွက် နိုင်ရေးအတွက် လိုအပ်သည့် သုတေသနနှင့် ပညာပေးလုပ်ငန်းများ ကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက် သွားနိုင်ရေး ကြိုးပမ်းကြစေလို ကြောင်း၊ တောင်သူများ တိုက်ရိုက် အသုံးချနိုင်သည့် သုတေသနလုပ်ငန်း များ ဆောင်ရွက်ရာတွင် မိမိတို့ ဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ စိုက်ပျိုးရေး တက္ကသိုလ်တို့အပြင် အခြားဆက်စပ် သုတေသန ဆောင်ရွက်ကြသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားရန်လည်း လိုအပ် မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက စာတမ်းဖတ်ပွဲ ကျင်းပ ရသည့် ရည်ရွယ်ချက်အား ရှင်းလင်း တင်ပြပြီး စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပသည်။

တတိယအကြိမ် စာတမ်းဖတ်ပွဲ ကို ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ကာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ဘွဲ့လွန်ပညာရှင် များ၊ ဘွဲ့ရ၊ ဒီပလိုမာပညာရှင်များက စာတမ်းပေါင်း (၇၆) စောင်အား ဖတ်ကြားကြမည် ဖြစ်ကြောင်း၊ (၃) ရက်ကြာ ကျင်းပပြုလုပ်မည့် အဆိုပါစာတမ်းဖတ်ပွဲတွင် စာတမ်းရှင် များ တင်ပြဖတ်ကြားမည့် သုတေသန ရလဒ်များကို အပြန်အလှန် ဆွေးနွေး၍ ရရှိလာသည့် ရလဒ်များအား တောင်သူ များလက်ဝယ်သို့ ရောက်ရှိအောင် စိုက်ပျိုးပညာပေးရေး လုပ်ငန်းစဉ်များ နှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း၊ အကောင်းဆုံး စာတမ်းများကို စိစစ်ရွေးချယ်၍ ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျော်ဖုံးမှ*

ဖြစ်ကြောင်းနှင့် မကွေးမြို့ပေါ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေးနေမှု ကို မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး၊ မကွေးပညာရေးကောလိပ် Quarantine စင်တာနှင့် မြို့နယ်ကျန်းမာရေးဌာနများတွင် ထိုးနှံပေးလျက် ရှိကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

**ကော့သောင်းမြို့**

ကော့သောင်းမြို့နယ်အတွင်းရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်အောက်ရှိ ဝန်ထမ်းများကို ကာကွယ်ဆေး ပထမအကြိမ်အဖြစ် ယနေ့ နံနက်ပိုင်းက ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီးတွင် စတင်ထိုးနှံပေးကြောင်း သိရသည်။

ယင်းသို့ထိုးနှံရာတွင် ကာကွယ်ဆေးထိုးအဖွဲ့ သုံးဖွဲ့ခွဲကာ ထိုးနှံပေးခြင်း ဖြစ်ပြီး ကော့သောင်းမြို့နယ်အတွက် ပထမအသုတ်အနေဖြင့် ကာကွယ်ဆေး ၂၄ လုံးရရှိခြင်းဖြစ်ကာ မြို့နယ်အတွင်း တာဝန်ထမ်းဆောင်နေသော ကျန်းမာရေး ဝန်ထမ်း ၂၂၀ အား ပထမအသုတ်အဖြစ် စတင်ထိုးနှံပေးခြင်းဖြစ်သည်။ ကာကွယ် ဆေးထိုးနှံရာတွင် လူတစ်ဦးလျှင် ဆေး (0.5 CC)ထိုးပေးခြင်းဖြစ်ပြီး ဆေးတစ်လုံး လျှင်လူ ၁၀ ဦးထိုးနှံနိုင်ကြောင်း၊ ပထမအကြိမ် ကာကွယ်ဆေးထိုးအပြီး ရက်သတ္တ လေးပတ်အကြာတွင် ဒုတိယအကြိမ် ထပ်မံထိုးနှံရမည်ဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံရာတွင် ထူးခြားသည့်တုံ့ပြန်မှုများမရှိကြောင်း၊ လူမှု ကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့နေသည့် ကောလာဟလများအား မယုံကြည် ကြရန် လိုအပ်ကြောင်း၊ ယခုစတင်ထိုးနှံမှု အစီအစဉ်တွင် ဆေးရုံတွင်သာ ထိုးနှံပေးကြောင်း၊ ကာကွယ်ဆေးထိုးနှံရာတွင် မည်သည့်ကာကွယ်ဆေးမဆို မတော်တဆ ဓာတ်မတည့်မှုများဖြစ်ပေါ်လေ့ရှိသဖြင့် အရေးပေါ်ကုသမှု လိုအပ် လာပါက အချိန်မီကုသမှုခံယူရန် ဆေးဝါးပစ္စည်းကိရိယာနှင့် ဆရာဝန်များ အဆင်သင့်ရှိရာနေရာဖြစ်သည့် ဆေးရုံတွင်သာ ထိုးပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံ တော်က ယခုပထမအသုတ်အဖြစ် ရောဂါကာကွယ်ကုသမှုလုပ်ငန်းများကို ရှေ့တန်းမှ ဆောင်ရွက်နေရသည့် ကျန်းမာရေးဝန်ထမ်းများကို စတင်ထိုးပေး ခြင်းဖြစ်ပြီး ဆက်လက်၍ ဒုတိယအဆင့်အနေဖြင့် ပြည်သူများအား ဆက်လက် ထိုးနှံပေးသွားမည့် အစီအစဉ်များရှိကြောင်း ကော့သောင်းခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာလင်းထိုက်က ပြောသည်။ **ကျော်စိုး (ကော့သောင်း)**

# ဂျပန်တွင် ကိုဗစ်-၁၉ ကူးစက်မှုအခြေအနေ တိုးတက်ကောင်းမွန်ခြင်းမရှိပါက နိုင်ငံတော်အရေးပေါ်အခြေအနေကို ထပ်မံတိုးမြှင့်နိုင်ခြေရှိ

**တိုကျို ဇန်နဝါရီ ၂၇**

ကိုဗစ်-၁၉ ကူးစက်မှုအရေအတွက်နှင့် ပတ်သက်ပြီး သိသိသာသာတိုးတက်မှုအခြေအနေ တစ်စုံတစ်ရာမရှိလျှင် ဂျပန်အစိုးရအနေဖြင့် ၎င်း၏အရေးပေါ်အခြေအနေကို ထပ်မံတိုးမြှင့်သတ်မှတ်သွားမည့်သဘောရှိကြောင်း အရာရှိများက ပြောကြားလိုက်သည်။

နိုင်ငံတော်အရေးပေါ်အခြေအနေသည် လတ်တလောတွင် တိုကျိုနှင့် အခြားခရိုင် ၁၀ ခုတို့တွင် ဖေဖော်ဝါရီ ၇ ရက်အထိ သက်ရောက်မှုရှိနေမည်ဖြစ်သည်။

ဂျပန်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ထပ်မံကူးစက် ဖြစ်ပွားသူပေါင်းသည် ၄၀၀၀ နီးပါးရောက်ရှိလာခဲ့ကြောင်း ဇန်နဝါရီ ၂၆ ရက်တွင် ကျန်းမာရေးအာဏာပိုင်များက ဖော်ပြခဲ့သည်။ ယင်းပမာဏသည် နိုင်ငံတော်အရေးပေါ်အခြေအနေကို ဇန်နဝါရီ ၇ ရက်တွင် ထုတ်ပြန်ကြေညာပြီးနောက် အသင့်အတင့် ကျဆင်းလာသည့်ပမာဏဖြစ်သည်။

တိုကျို၏ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်သည် ဇန်နဝါရီ ၂၇ ရက်က ၁၀၀၀ အောက်ကျဆင်းလာခဲ့ပြီး ၉၇၃ ဦးရှိခဲ့သည်။ မကြာသေးမီရက်များအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသည့်အရေအတွက်သည် ၁၀၀၀ ဝန်းကျင်တွင် အတက်အကျဖြစ်ပေါ်လျက်ရှိသည်။

သို့သော်လည်း ကျွမ်းကျင်သူများက တိုကျိုမြို့၏ ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက်သည် နှေးကွေးသည့်နှုန်းဖြင့် ကျဆင်းလျက်ရှိကြောင်း အသက်ကြီးပိုင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ပိုမိုများကြောင်း ပြောသည်။



ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ပြည်သူများ ညစာစားသုံးနေစဉ်။

ဂျပန်နိုင်ငံတစ်ဝန်း နေ့စဉ်သေဆုံးမှုပမာဏသည် ဇန်နဝါရီ ၂၆ ရက်က ၁၀၄ ဦးအထိ ရောက်ရှိလာခဲ့ပြီး ဒုတိယ အမြင့်ဆုံးသေဆုံးသည့် စံချိန်တင်ခဲ့သည်။ ကိုဗစ်-၁၉ စတင်ဖြစ်ပွားကတည်းက သေဆုံးသူပမာဏသည် ရာဂဏန်းအထိ ရောက်ရှိလာခဲ့သည်မှာ ယခုအကြိမ်နှင့်ဆိုလျှင် သုံးကြိမ်မြောက်ရှိပြီဖြစ်သည်။

ဆေးရုံများသည်လည်း ဝန်ပိနေကြသည်။ အသက်ကြီးပိုင်းများတွင် ကိုဗစ်-၁၉ ပြင်းထန်စွာ ဖြစ်ပေါ်လာမည့် အရေအတွက် တိုးလာမည်ကို စိုးရိမ်လျက်ရှိသည်။

ဂျပန်နိုင်ငံ၏ ကိုဗစ်-၁၉ တုံ့ပြန်မှုဆိုင်ရာ ဝန်ကြီးက အစိုးရအနေဖြင့် ပြည်သူလူထုကို ရှေ့လျှောက်ကြိုတင်ပြုလုပ်မည့် အစီအစဉ်များနှင့်ပတ်သက်ပြီး သတိပေးချက်များ ထုတ်ပြန်ပေးသင့်ကြောင်း လွှတ်တော်သို့ တင်ပြဆွေးနွေးခဲ့သည်။

ဂျပန်နိုင်ငံ၏ စီးပွားရေး ပြန်လည်ထူထောင်ရေးဝန်ကြီး နီရှိမူရာယာဆူတိုရှိက ကြိုတင်သတ်မှတ်ထားသည့်ရက်မလွန်ခင် နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာချက်ထုတ်ပြန်ခြင်းနှင့်ပတ်သက်ပြီး ဆွေးနွေးမှုများပြုလုပ်ပါက ရှုပ်ထွေးမှုများဖြစ်ပေါ်နိုင်ကြောင်း ပြောကြားလိုက်ပြီး သင့်တော်သည့်အချိန်တွင် စဉ်းစားဆုံးဖြတ်သွားမည်ဖြစ်ကြောင်းပြောကြားလိုက်သည်။

အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကူးစက်မှုများနှင့် ဆေးဘက်ဆိုင်ရာ ကဏ္ဍအပေါ် ဝန်ပိမှုများကို ဆက်လက်စောင့်ကြည့်သွားရန် စီစဉ်ထားကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ**

# ဂျိုးဘိုင်ဒင်အစိုးရ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ပိုမိုဝယ်ယူသွားမည်

**ဝါရှင်တန် ဇန်နဝါရီ ၂၇**

လာမည့် နွေရာသီအချိန်တွင် အမေရိကန်ပြည်သူအားလုံးနီးပါးကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနိုင်ရန်အတွက် ဂျိုးဘိုင်ဒင်၏ အမေရိကန်အစိုးရသည် ကာကွယ်ဆေးများ ပိုမိုဝယ်ယူရန် ဆုံးဖြတ်ချက်ချခဲ့ကြောင်း သိရသည်။



မော်ဒါနာ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးများကို တွေ့ရစဉ်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ၎င်း၏ သမ္မတသက်တမ်းရက် ၁၀၀ အတွင်း ကာကွယ်ဆေးသန်း ၁၀၀ ထိုးပေးရန် ကြေညာခဲ့သည်။ ဘိုင်ရွန်တက်ခ်နှင့်မိတ်ဖက်ကာကွယ်ဆေးကုမ္ပဏီဖိုက်ဇာနှင့် မော်ဒါနာတို့သည် အမေရိကန်ပြည်ထောင်စုတွင် အရေးပေါ်သုံးစွဲခွင့်ပြုခဲ့သော ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်မျိုး ဖြစ်သည်။

သို့သော်လည်း ကာကွယ်ဆေးထောက်ပံ့မှုများ ပြတ်လပ်ခြင်းက တချို့ဒေသများရှိ ကာကွယ်ဆေးထိုးနှံမှုကို နှောင့်နှေးမှုများ ဖြစ်ပေါ်စေခဲ့သည်။

ဇန်နဝါရီ ၂၆ ရက်က အိမ်ဖြူတော်တွင် ပြောကြားသော မိန့်ခွန်းတွင် ဘိုင်ဒင်က ဒေသန္တရအစိုးရသို့ ဖြန့်ဝေပေးမည့်ကာကွယ်ဆေးပမာဏကို ပိုမိုတိုးမြှင့်သွားမည့် အစီအစဉ်တစ်ခုကို ဖွင့်ဟပြောကြားလိုက်သည်။

အပြည့်အဝ ကာကွယ်နိုင်စေရန် ကာကွယ်ဆေးနှစ်ကြိမ်အထိုးခံနိုင်ရေးအတွက် အဆိုပါကာကွယ်ဆေးတစ်မျိုးစီအတွက် သန်း ၁၀၀ စီ ဝယ်ယူမည်ဖြစ်ကြောင်း ဘိုင်ဒင်က ပြောကြားလိုက်သည်။

အစိုးရ၏ စုစုပေါင်းကာကွယ်ဆေးအမှာစာရင်းကိုလည်း သန်း ၄၀၀ မှ သန်း ၆၀၀ အထိ တိုးမြှင့်ရန် ဆုံးဖြတ်ထားကြောင်း ၎င်းက ပြောကြားသည်။ ထိုသို့ လုပ်ဆောင်မှသာလျှင် လာမည့် နွေရာသီအကုန်တွင် အမေရိကန်ပြည်သူ သန်း ၃၀၀ အတွက် ကာကွယ်ဆေးလုံလောက်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်အားလုံးကာကွယ်ဆေးလွှမ်းခြုံထိုးနိုင်ရန် လအတော်ကြာမည်ဖြစ်ကြောင်းနှင့် ကာကွယ်ဆေးမထိုးခံရသေးခင် ကြားကာလတွင် နှာခေါင်းစည်းသည်သာ အကောင်းဆုံး ကာကွယ်ရေးပစ္စည်းဖြစ်ကြောင်း ဘိုင်ဒင်က ပြောကြားလိုက်သည်။

အမေရိကန်သို့ ရောက်ရှိလာသူအားလုံး ကိုဗစ်-၁၉ စစ်ဆေးထားရန်လိုအပ်ကြောင်းနှင့် ရောက်ရှိလာပြီးနောက် မိမိကိုယ်တိုင် အသွားအလာကန့်သတ်စောင့်ကြည့်သွားရမည်ဖြစ်ကြောင်း ဘိုင်ဒင်က ဆက်လက် ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# ကမ္ဘာတစ်ဝန်း ကိုဗစ်- ၁၉ အတည်ပြုလူနာ အရေအတွက် သန်း ၁၀၀ ကျော်လွန်လာကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ် ဖော်ပြ

ဝါရှင်တန် ဇန်နဝါရီ ၂၇

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ အတည်ပြုလူနာအရေအတွက်သည် သန်း ၁၀၀ ကျော်လွန်လာပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်မှရရှိသော သတင်းအချက်အလက်များအရ သိရသည်။**

ဂျွန်ဟော့ကင်းတက္ကသိုလ်က ရရှိသောသတင်းအချက်အလက်များအရ ဇန်နဝါရီ ၂၆ ရက်တွင် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်းသည် ၁၀၀၀၆၃၇၀၇ ဦး ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ သန်း ၁၀၀ ကျော်ရှိသည့်အနက် အမေရိကန်ပြည်ထောင်စုသည် စုစုပေါင်း ကိုဗစ်-၁၉ ဖြစ်ပွားသူပေါင်း၏၄၀ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရပြီး သန်း ၄၀ ကျော်ရှိသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်သော အမေရိကန်ပြည်ထောင်စုသည် လွန်ခဲ့သော သီတင်းပတ်က နေ့စဉ်ကိုဗစ်- ၁၉ အတည်ပြုလူနာတစ်သိန်းကျော် ရှိခဲ့သည်။

ကာကွယ်ဆေးထိုးလုပ်ဆောင်မှုများကို ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အောက်စ်ဖို့ဒ်တက္ကသိုလ်က သုတေသနပညာရှင်များ ပြုလုပ်ထားသော ဝက်ဆိုက်တစ်ခုတွင် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူအရေအတွက်သည် ဇန်နဝါရီ ၂၆ ရက်အထိ ၆၉ သန်းခန့် ရှိပြီဖြစ်ကြောင်း ဖော်ပြထားသည်။

လူဦးရေ ၆၃ သန်းခန့်သည် ကာကွယ်ဆေးကို တစ်ကြိမ်ထိုးနှံမှု ခံယူပြီးပြီဖြစ်သည်။ သို့သော်လည်း ကာကွယ်ဆေးထိုးခံယူထားသည့် ပမာဏသည် ကမ္ဘာ့လူဦးရေပမာဏနှင့် နှိုင်းယှဉ်ကြည့်ပါက အလွန်ကို ကန့်သတ်ချက်ရှိသော ပမာဏတစ်ခုဖြစ်သည်။

ဗြိတိန်၊ ဥရောပ၏အချို့ဒေသများ၊ အရှေ့အလယ်ပိုင်းနှင့် အာရှတို့တွင် အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်ကို တွေ့ရှိခဲ့ခြင်းနှင့်အတူ ကိုဗစ်-၁၉ ကူးစက်မှုများသည် ယခုအချိန်အထိ မထိန်းချုပ်နိုင်သေးကြောင်း သိရသည်။ နောက်ထပ် ကိုဗစ်-၁၉ ဗိုင်းရပ်စ်မျိုးစိတ်သစ်တစ်ခုကို တောင်အာဖရိကတွင် အတည်ပြုထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် တော်ရန်တိုရှိ ဟာဘာယူစီအယ်လ်အေဆေးဘက်ဆိုင်ရာဌာနတွင် ကိုဗစ်-၁၉ လူနာများကို ပြုစုစောင့်ရှောက်နေစဉ်။

# အသစ်ထပ်မံအဆင့်တိုးမြှင့်လိုက်သော ကိုဗစ်-၁၉ ဆန့်ကျင်မှုဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှုများကို ကနေဒါနိုင်ငံက ပြဋ္ဌာန်းသွားတော့မည်

**အော့တဝါ ဇန်နဝါရီ ၂၇**

ကနေဒါနိုင်ငံ၏ အသစ်ထပ်မံအဆင့် တိုးမြှင့်လိုက်သော ကိုဗစ်-၁၉ ဆန့်ကျင်မှုဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှုများကို ပြဋ္ဌာန်းသွားတော့မည်ဖြစ်ရာ ဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုက ပြည်သူလူထုအား မလိုအပ်ဘဲ ခရီးသွားလာမှုများကို ဖျက်သိမ်းရန်နှင့် ယုတ်စွအဆုံး ပြည်နယ်တစ်ခုမှ တစ်ခုသို့လည်း သွားရောက်ခြင်းမပြုရန် တိုက်တွန်းလိုက်သည်။

ကိုဗစ်-၁၉ အသွင်ပြောင်းမျိုးစိတ်သစ်ပေါ်ပေါက်လာသည့် သတင်းများ ထွက်ပေါ်လျက်ရှိရာ အစိုးရက အရင်ချမှတ်ထားသော ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်မှုများကို ပိုမိုတင်းကျပ်လိုက်သလို အဆင့်မြှင့်တင်ထားသည့် ကိုဗစ်-၁၉ ကန့်သတ်ပိတ်ဆို့မှုများကိုလည်း ပြည်သူသို့ မကြာမီ ပြဋ္ဌာန်းသွားတော့မည်ဖြစ်ကြောင်း သိရသည်။

လူနည်းစု၏ သတိမမူ ဂရုမပြုဘဲ ရွေးချယ်မှုသည် လူများစုအတွက် အန္တရာယ်ဖြစ်လာရန် ခွင့်မပြုကြောင်း ၎င်းက အော့တဝါ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

ခရီးသွားခြင်းနှင့်ပတ်သက်သည့် ကိုဗစ်-၁၉ ကူးစက်မှုသစ်များမှာ နည်းသော်လည်း နိုင်ငံခြားမှ ပြန်လည်ဝင်ရောက်လာသူများတွင် ကိုဗစ်-၁၉ ကူးစက်မှုအသစ်ပိုမိုအတွေ့များကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် နယ်စပ်ဒေသများကို တင်းကျပ်သွားရန် စဉ်းစားလျက်ရှိကြောင်း သိရသည်။

မည်သည့် ကိုဗစ်-၁၉ တားဆီးကန့်သတ် ပိတ်ဆို့ခြင်းမဆို ကုန်စည်စီးဆင်းမှုကို အစိုးရအနေဖြင့် မထိခိုက်စေချင်ကြောင်း ထရူးဒိုက ပြောကြားလိုက်သည်။ **ဆင်ဟွာ**

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

## COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း (၁၅-၁-၂၀၂၁ ရက်နေ့)

*(ယမန်နေ့မှအဆက်)*

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၁၁၇ | ငြိမ်းကိုမင်း (လှိုင်မြို့နယ်) | ၁၀,၀၀၀ |
| ၁၁၈ | ဖြူဖြူသင်း (တ/ဥက္ကလာပမြို့နယ်) | ၅,၀၀၀ |
| ၁၁၉ | ဖူးပွင့်ဝေ (စမ်းချောင်းမြို့နယ်) | ၂၀,၀၀၀ |
| ၁၂၀ | စိုင်းစံမြတ်+နန်းမြသန်း (ရန်ကုန်မြို့) | ၁၅၀,၀၀၀ |
| ၁၂၁ | ဖြိုးဖြိုးသင်းအောင် (သဃ်ာန်းကျွန်းမြို့နယ်) | ၅၀,၀၀၀ |
| ၁၂၂ | ထွန်းမင်းလတ် (ပြည်မြို့) | ၁၀၀,၀၀၀ |
| ၁၂၃ | ရှိန်းခန့်ကျော် (လှည်းကူးမြို့) | ၁,၀၀၀ |
| ၁၂၄ | နေမျိုးထွန်း (တာမွေမြို့နယ်) | ၁၀,၀၀၀ |
| ၁၂၅ | ဖြူဖြူစိုး (တောင်ငူမြို့) | ၅,၀၀၀ |
| ၁၂၆ | မသင်း (မင်္ဂလာတောင်ညွန့်မြို့နယ်) | ၅,၀၀၀ |
| ၁၂၇ | ဦးအောင်ဇော်ဇော်+ဒေါ်မြကေခိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၁၂၈ | ကိုသိန်းထိုက် (မှော်ဘီမြို့နယ်) | ၁၀,၀၀၀ |
| ၁၂၉ | လှမျိုးမင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၁၃၀ | ဦးကျော်မြင့်+ဒေါ်သန်းရီရီ မိသားစု (မန္တလေးမြို့) | ၂,၀၀၀,၀၀၀ |
| ၁၃၁ | ကိုပြည့်ဖြိုး ကားအငှားဝန်ဆောင်မှုလုပ်ငန်း (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၃၂ | ဦးလှဝင်း+ဒေါ်ရွှေရင် မိသားစု (ဗဟန်းမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၁၃၃ | မုဒိတာနှလုံးသားညီအစ်မများ (ရန်ကုန်မြို့) | ၁,၀၀၀,၀၀၀ |
| ၁၃၄ | လွင်မောင်ဝင်း (ပုဇွန်တောင်မြို့နယ်) | ၁,၅၀၀,၀၀၀ |
| ၁၃၅ | မအိအိခင် (ဘားအံမြို့) | ၃၀,၀၀၀ |
| ၁၃၆ | အိမို့မို့ (အလုံမြို့နယ်) | ၅၀,၀၀၀ |
| ၁၃၇ | (အလှူရှင်အမည်ဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၁၃၈ | ဦးတင်ရုံ+ဒေါ်နန်းအေးခမ်း (မ/ဥက္ကလာပမြို့နယ်) | ၃၀၀,၀၀၀ |
| ၁၃၉ | (အလှူရှင်အမည်ဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၁၄၀ | ကိုမင်းသက်အောင်+မခိုင်မိမိအောင် (မန္တလေးမြို့) | ၅၀,၀၀၀ |
| ၁၄၁ | ပြည်စိုး (သုဝဏ္ဏမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၄၂ | ဦးသိန်းသန်း (အလုံမြို့နယ်) | ၁၀,၀၀၀ |
| ၁၄၃ | အောင်စိုးမိုး (လှည်းကူးမြို့နယ်) | ၁၀,၀၀၀ |
| ၁၄၄ | လွှမ်းဆွေ (ရန်ကုန်မြို့) | ၂၀,၀၀၀ |
| ၁၄၅ | ဒေါ်နုရင် မိသားစု (အလုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၄၆ | ပန်းရှိုးမ ဝန်ထမ်းမိသားစု (သာကေတမြို့နယ်) | ၂၀၀,၀၀၀ |
| ၁၄၇ | မြန်မာ-မွတ်စလင် (ယုန်ကလေး) (မင်္ဂလာတောင်ညွန့်မြို့နယ်) | ၇၀၀,၀၀၀ |
| ၁၄၈ | မြန်မာ-မွတ်စလင် (ယုန်ကလေး) (မင်္ဂလာတောင်ညွန့်မြို့နယ်) | ၁,၁၀၀,၀၀၀ |
| ၁၄၉ | စမ်းစမ်းအေး (ကြည့်မြင်တိုင်မြို့နယ်) | ၅၀,၀၀၀ |
| ၁၅၀ | ကိုစိုးဂုဏ်ရောင်လင်း၊ ဒေါက်တာဇော်ထွန်းဦး (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၅၁ | ဝေသီ (ရန်ကင်းမြို့နယ်) | ၁၀,၀၀၀ |
| ၁၅၂ | ဘုန်းဘုန်းဦးခန္တီ ၊ရွှေကြက်ယက်တိုက်၊ ဒေါ်ပုကျောင်း(ဗဟန်းမြို့နယ်) | ၅၀၀,၀၀၀ |
| ၁၅၃ | စိုင်းနွံမ်းဖ (တောင်ကြီးမြို့) | ၁၀၀,၀၀၀ |
| ၁၅၄ | ကျော်စွာရှိန် (မ/ဒဂုံမြို့နယ်) | ၂၀,၀၀၀ |
| ၁၅၅ | ဦးဝင်းစိုး(လှိုင်သာယာမြို့နယ်) | ၅,၀၀၀ |
| ၁၅၆ | ဖြိုးဝေခိုင်+စုမွန်လွင် (မ/ဒဂုံမြို့နယ်) | ၃၀,၀၀၀ |
| ၁၅၇ | ဒေါ်သန်းညွန့်နှင့် မိသားစု (သဃ်ာန်းကျွန်းမြို့နယ်) | ၂၀,၀၀၀ |
| ၁၅၈ | ကိုစောသန့်ဦး (နေပြည်တော်) | ၅၀,၀၀၀ |
| ၁၅၉ | ဦးစည်သူ (မန္တလေးမြို့) | ၂၀,၀၀၀ |
| ၁၆၀ | သီဟငြိမ်းထူး+အိခိုင်မွန် | ၅,၀၀၀ |
| ၁၆၁ | မသန္တာဝင်း | ၂၀၀,၀၀၀ |
| ၁၆၂ | ဒေါ်တင်ရီ (မင်္ဂလာဒုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၆၃ | ဦးဇော်ဝင်း+ဒေါ်တင်တင်မွန် (မြိတ်မြို့) | ၁,၀၀၀,၀၀၀ |
| ၁၆၄ | ဦးအင်စိန်+ဒေါ်ခင်ပိုက်ဆွေ (မြိတ်မြို့) | ၆,၅၀၀,၀၀၀ |
| ၁၆၅ | ဒေါ်အေးမြင့် (သာကေတမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၆၆ | ရွှေရည်ဖြိုး (မိုးကုတ်မြို့) | ၂၀,၀၀၀ |
| ၁၆၇ | ဦးတောက်ဝင်း (ဒိုက်ဦးမြို့) | ၅၀၀,၀၀၀ |
| ၁၆၈ | ဦးအောင်မြိုင်+ဒေါ်ဂျင်းယု (ဘန်ကောက်) | ၅၀,၀၀၀ |
| ၁၆၉ | ကိုကျော်နိုင် (ရွှေကြယ်မင်း) (ဒိုက်ဦးမြို့နယ်) | ၅၀၀,၀၀၀ |
| ၁၈၀ | ခြူးခြူးမေကျော် (ရန်ကုန်မြို့) | ၂,၃၀၀ |
| ၁၈၁ | ဒေါ်စိန်အေးနှင့်မိသားစု (ဒေါပုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၈၂ | ဦးခင်မောင်သိန်း+ဒေါ်တင်တင်ဝေ မိသားစု (ပုဇွန်တောင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၈၃ | ဇော်ထိုက်အောင် (ဒိုက်ဦးမြို့) | ၂၀၀,၀၀၀ |
| ၁၈၄ | ဦးဝင်းထိန်ဦး+ဒေါ်နန်းအေးသန္တာနိုင် (လားရှိုးမြို့) | ၂၀,၀၀၀ |
| ၁၈၅ | ကောင်းယဉ်/အေးအေးမြင့် မိသားစု (မရမ်းကုန်းမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၁၈၆ | ဒေါ်မြသန်း မိသားစု (မ/ဒဂုံမြို့နယ်) | ၂၀၀,၀၀၀ |
| ၁၈၇ | ဒေါ်နုနုဝင်း မိသားစု(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၈၈ | ဒေါ်မြတ်သန္တာအောင် မိသားစု (စကော်ပူ) | ၁၀၀,၀၀၀ |
| ၁၈၉ | ပြည့်ဖြိုးအောင် (ကလေးမြို့) | ၅၀,၀၀၀ |
| ၁၉၀ | အောင်ကိုကိုဖွဲ့ (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၉၁ | ဦးကိုကို + ဒေါ်အေးအေးသန်း (ကမာရွတ်မြို့နယ်) | ၂၀၀,၀၀၀ |
| ၁၉၂ | သန်းထွန်းအောင် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၉၃ | ဝင်းဝင်းစိုင်း (ပဲခူးမြို့) | ၁၀၀,၀၀၀ |
| ၁၉၄ | PICKME KITCHEN FAMILY (မရမ်းကုန်းမြို့နယ်) | ၁၁၀,၀၀၀ |
| ၁၉၅ | ဦးမောင်လင်း+ဒေါ်သီတာဦး၊ သမီး စုဝေလင်း (လှိုင်မြို့နယ်) | ၁၀,၀၀၀,၀၀၀ |
| ၁၉၆ | နိုးနိုးမြတ်ကျော် (သာကေတမြို့နယ်) | ၅၀,၀၀၀ |
| ၁၉၇ | ကျော်ရဲဟိန်း (အလုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၉၈ | ကျော်ထွန်းဝင်း(အလုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၉၉ | ဒေါက်တာမောင်မောင်ဝင်း+ဒေါ်မြင့်မြင့်မေ မိသားစု (မြစ်ကြီးနားမြို့) | ၅၀၀,၀၀၀ |
| ၂၀၀ | ဇင်ဇင်အေးမင်း (ကျောက်တန်းမြို့နယ်) | ၁၀,၀၀၀ |
| ၂၀၁ | မချစ်ငြိမ်းချမ်း (ပုဇွန်တောင်မြို့နယ်) | ၁၀,၀၀၀ |
| ၂၀၂ | ဦးယုကြည် (အောင်ပန်းမြို့) | ၁၀၀,၀၀၀ |
| ၂၀၃ | ဘဒ္ဒန္တ နာယက ဆရာတော် (ပခုက္ကူမြို့) | ၃၀၀,၀၀၀ |
| ၂၀၄ | ဦးနန္ဒစာရီရ (ဘဒ္ဒန္တ နာယက ဆရာတော်) (ချောက်မြို့) | ၅၀၀,၀၀၀ |
| ၂၀၅ | (အလှူရှင်အမည်ဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၂၀၆ | ဦးဝါတေဠ (ပခုက္ကူမြို့) | ၁၀၀,၀၀၀ |
| ၂၀၇ | ဝဏ္ဏမင်းသက်လျာဝင်း (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၀၈ | ကွယ်လွန်သူဒေါ်မြင့်ကြည်အားရည်စူး၍ ကိုရဲ+မရူပါလင်း သမီး-ထက်စန္ဒီကျော်(ချောက်မြို့) | ၂၀၀,၀၀၀ |
| ၂၀၉ | ဒေါ်ခင်စိန် သား-ကိုမြင့်သိန်းငွေ သမီး- မို့မို့ငွေ သား-သိန်းထွန်းဆွေ (ချောက်မြို့) | ၅၀,၀၀၀ |
| ၂၁၀ | ဦးဝင်းလှိုင်+ ဒေါ်ကြည်ကြည်ဝင်း သမီး-တာတာဝင်းလှိုင်၊ ဇာဇာဝင်းလှိုင်၊ နေဝါဝင်းလှိုင် (ချောက်မြို့) | ၃၀၀,၀၀၀ |
| ၂၁၁ | ကြည်ဖြူအောင်(မရမ်းကုန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၂၁၂ | ဦးသင်းအောင်((မန္တလေးမြို့) | ၃၀၀,၀၀၀ |
| ၂၁၃ | ဒေါ်ငွေငွေဝေ(ချောက်မြို့) | ၅၀,၀၀၀ |
| ၂၁၄ | ဦးခင်မောင်ရီ+ဒေါ်ရွှေဝါ သား-ကိုကျော်မင်းဦး၊ ကိုဝင်းစီ၊ မြေး-မင်းစုသူကျော်(ချောက်မြို့) | ၅၀,၀၀၀ |
| ၂၁၅ | ဇေယျာသီရိအငြိမ်းစားအိမ်ရာ (ဘိုးဘွားများ) (ချောက်မြို့) | ၁၆၀,၀၀၀ |
| ၂၁၆ | ဝင်းမြတ်မြတ်မိုး(အင်းစိန်မြို့နယ်) | ၅,၀၀၀ |
| ၂၁၇ | ဒေါက်တာထိုက်အောင်+ဒေါ်အေးမီမီလတ်( DREAM GL ) (ချောက်မြို့) | ၁၀၀,၀၀၀ |
| ၂၁၈ | ဆူဇန်နာ (စမ်းချောင်းမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၂၁၉ | စန်းခင်(လသာမြို့နယ်) | ၅၀၀,၀၀၀ |
| ၂၂၀ | ဦးမြင့်သိန်း+ဒေါ်ဖြူဖြူထွေး(အမရပူရမြို့နယ်) | ၁၀၀,၀၀၀ |
| ၂၂၁ | စန်းစန်းရီ(USA) (လသာမြို့နယ်) | ၅၀၀,၀၀၀ |
| ၂၂၂ | အေးကြည်ကြည်(လသာမြို့နယ်) | ၅၀၀,၀၀၀ |
| ၂၂၃ | ဦးကြည်နိုင်+ဒေါ်အေးရှမ်း သား-မောင်ထက်နိုင်၊ မောင်ကြည်ဆင့် (ကြယ်ခေါင်) | ၂၀၀,၀၀၀ |
| ၂၂၄ | ခင်ထားမြင့် (လသာမြို့နယ်) | ၅၀၀,၀၀၀ |
| ၂၂၅ | ဦးကျော်နိုင်+ဒေါ်အေးယု (မြိတ်မြို့) | ၁၀၀,၀၀၀ |
| ၂၂၆ | ဒေါ်ပိုင်း သမီး-ဒေါ်စန်းစန်းဝင်း၊ ဒေါ်မာမာဝင်း (ချောက်မြို့) | ၁၀၀,၀၀၀ |
| ၂၂၇ | ကိုအောင်ခင်ဦး+ဒေါက်တာအိသန္တာကျော်(ဂျပန်) | ၁၀၀,၀၀၀ |
| ၂၂၈ | သင်းသင်းမာ (သာကေတမြို့နယ်) | ၅၀,၀၀၀ |
| ၂၂၉ | မအိမ (စင်္ကာပူ) | ၁၀၀,၀၀၀ |
| ၂၃၀ | စုသဥ္စာရီ (တာမွေမြို့နယ်) | ၁၀,၀၀၀ |
| ၂၃၁ | ဦးမြင့်အောင်(နေပြည်တော်) | ၇၀၀,၀၀၀ |
| ၂၃၂ | သင်းသင်းထိုက်(စမ်းချောင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၂၃၃ | ဦးကျော်သူရ+ဒေါ်မြတ်လေးဖြူ သမီး-ညိုလှဲ့ရီ သား-မောင်ပြည့်ထက်ကျော် | ၁၀၀,၀၀၀ |
| ၂၃၄ | မနှင်းသက်မိုး(သဃ်ာန်းကျွန်းမြို့နယ်) | ၁၁၅,၀၀၀ |
| ၂၃၅ | ဦးအောင်ခင်(ဗိုလ်တထောင်မြို့နယ်) | ၅၀၀,၀၀၀ |
| ၂၃၆ | ဦးမြင့်အောင်+ဒေါ်စန်းမြင့်ကြည်(စင်္ကာပူ) | ၁၀၀,၀၀၀ |
| ၂၃၇ | Young QS Engineer Club (ရန်ကုန်မြို့) | ၂၀,၀၀၀ |
| ၂၃၈ | ခင်စန်း၊ သက်ဦး+ယမင်းဇင်၊ ခင်ရွှေဥ၊ သက်ထူးဇင်၊ တင်တင်ငွေ၊ တင်တင်ထွေး၊ အေးအေးငြိမ်း (ကြည့်မြင်တိုင်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၂၃၉ | ဒေါ်မူယာဆွေ(မကွေးမြို့) | ၁၅၀,၀၀၀ |
| ၂၄၀ | သင်းသင်းထွေး၊ နှင်းပွင့်ဖြူ(တိုက်ကြီးမြို့နယ်) | ၂၀,၀၀၀ |
| ၂၄၁ | ကောင်းမြတ်ဝင်း(အင်းစိန်မြို့နယ်) | ၁,၀၀၀ |
| ၂၄၂ | ပြည့်ဖြိုးအောင်(မ/ဒဂုံမြို့နယ်) | ၅၀,၀၀၀ |
| ၂၄၃ | ဦးမိုးနိုင်+ဒေါ်ခင်ဝင်းထိန် မိသားစု (လမ်းမတော်မြို့နယ်) | ၃၀၀,၀၀၀ |
| ၂၄၄ | အေးသဇင်ကျော် (ဗဟန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၂၄၅ | မင်းကျော်သူ +အေးအေးမွန်(မ/ဒဂုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၂၄၆ | ဖြိုးထက်အောင်(လပွတ္တာမြို့) | ၁၀၀,၀၀၀ |
| ၂၄၇ | ဒေါ်သန်းသန်းဝင်း(မ/ဒဂုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၂၄၈ | သန့်တင်မောင် (စမ်းချောင်းမြို့နယ်) | ၄,၄၉၃ |
| ၂၄၉ | ဆုမြတ်ဝင်း(တ/ဥက္ကလာပမြို့နယ်) | ၃၀၀,၀၀၀ |
| ၂၅၀ | ဒေါ်အေးအေးခိုင်(မန္တလေးမြို့) | ၁၀၀,၀၀၀ |
| ၂၅၁ | စန်းစန်းမူ (လိပ်စာဖော်ပြထားခြင်းမရှိပါ။) | ၃၀၀,၀၀၀ |
| ၂၅၂ | စိုးမိုးကျော်+သန္တာညွန့် (ရန်ကုန်မြို့) | ၁၀,၀၀၀,၀၀၀ |

*(ဆက်လက်ဖော်ပြပါမည်)*

ဇာတ်သဘင် အဖွဲ့ဖျော်ဖြေခန်းကနေ ဘုရားလောင်း သိဒ္ဓတ္ထ မင်းသား ဘယ်လိုမွေးဖွားခဲ့သလဲ၊ ဘုရားလောင်းရဲ့ မိဘတွေဟာ ဘယ်သူလဲ၊ အဲဒီခေတ်ကာလက ဘုရင်တွေ ဘယ်လိုအုပ်ချုပ်သလဲ သိခဲ့ရပါတယ်။ စိတ်မဖြူစင်တဲ့ ရွှဲကုန်သည်ရဲ့အရှုံးနဲ့ စိတ်ကောင်းရှိသူ ရွှဲကုန်သည်ရဲ့ အမြတ်ကို သင်ယူခဲ့ရပါတယ်။ ရှင်မွေ့နွန်းလို၊ ဒွေးမယ်နော်လို ဒဏ္ဍာရီထဲကမင်းသမီးတွေကို သိခဲ့ရပါတယ်။ မြန်မာ့အသံဟာ ကျွန်မတို့ကို အတိတ်ရဲ့ ခမ်းနားမှုအကြောင်း မျှဝေခဲ့ပါတယ်။

**မှတ်မှတ်ရရပြက်လုံး**

အငြိမ့်ခန်းကိုတော့ ကျွန်မ သိပ်မကြိုက်ပါဘူး။ လူရွှင်တော်တွေ ပြက်လုံးထုတ်တဲ့အချိန်မှာသာ နားထောင်တတ်ပြီး မင်းသမီးသီချင်းဆိုချိန်မျိုးဆို ထွေလီကာလီအလုပ်လေးတွေ ထလုပ်တတ်ပါတယ်။ အခုအချိန်အထိ ကျွန်မနားထဲစွဲနေတဲ့ ပြက်လုံးတစ်ခုကတော့ လူပြက်တစ်ယောက် မင်းသမီးကိုခေါ်တဲ့ ပြက်လုံးပါ။ ရှေ့ပိုင်းကထုံးစံအတိုင်းရွတ်တဲ့ ဇာတ်စကားတွေကို ကျွန်မ မှတ်မိပါဘူး။ အဲဒီဇာတ်စကားတွေအပြီး လူရွှင်တော်ခေါ်လိုက်တာက "အိုဘယ့် ရေခဲချောင်း..." တဲ့။ နောက်လူရွှင်တော်တစ်ယောက်က မင်းဟာက မင်းသမီး ခေါ်ပါဆို ဘာလို့ရေခဲချောင်းသည်ခေါ်သလဲ မေးပါတယ်။ 'မင်းသမီးကိုခေါ်တာပဲဟ' လို့ ခေါ်တဲ့တစ်ယောက်က ပြန်ဖြေပါတယ်။ နောက်တစ်ယောက်က 'မင်းသမီးနာမည်က ရေခဲချောင်းလား' ဆိုတော့ မင်းသမီးခေါ်တဲ့လူရွှင်တော်က 'မင်းတော်တော်ခက်တဲ့ကောင်ပဲ' လို့ပြောပြီး ပြန်မေးပါတယ်။

"ရေခဲချောင်းက မမာဘူးလား။"

"မာတယ်။"

"မအေးဘူးလား။"

"အေးတယ်။"

"မာမာလေးနဲ့အေးတော့...။"

"မာမာအေး" ပေါ့လို့ ပြောလိုက်တဲ့အချိန်မှာ ရယ်သံတွေနဲ့အတူ အငြိမ့်မင်းသမီးအဖြစ်သရုပ်ဆောင်တဲ့ အဆိုတော်ကြီးဒေါ်မာမာအေးအသံ ထွက်လာပါတယ်။ အငြိမ့်ခန်းရော ဇာတ်သဘင်အဖွဲ့ ဖျော်ဖြေခန်းတွေရောကို ထပ်ခါထပ်ခါလွှင့်တာမို့ တခြားဘာမှ နားထောင်စရာ၊ ကြည့်ရှုစရာမရှိတဲ့ ကျွန်မတို့ဟာလည်း ဒါတွေကိုပဲ ထပ်ခါထပ်ခါ နားထောင်ခဲ့ရတာပေါ့။ ဒါပေမယ့် နားထောင်တိုင်းလည်း အဘွားက ပြောင်းဖူးဖက်ဆေးလိပ်ကိုဖွာရင်း တဟားဟားရယ်ရပြီး ကျွန်မတို့ကလေးတစ်သိုက်ကလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ခွက်ထိုးခွက်လန်ရယ်ခဲ့တာပါပဲ။ မြန်မာ့အသံဟာ ကျွန်မတို့ကို ပျော်ရွှင်လွှမ်းမောဖွယ် မိသားစုဘဝကို ပေးခဲ့ပါတယ်။

ကျွန်မကြိုက်တဲ့ အစီအစဉ်တွေက ကျေးလက်ဇာတ်လမ်း၊ ဇာတ်လမ်းပမာနားဆင်စရာနဲ့ အကြိုက်ဆုံးကတော့ စနေနေ့ည ၈ နာရီသတင်းအပြီးမှာ လာတဲ့ အသံလွှင့်ဇာတ်ပါ။ အသံလွှင့်ဇာတ်ကလွှင့်ချိန်လည်း ကြာသလို မင်းသား မင်းသမီးတွေက အသံနဲ့ဝင်သရုပ်ဆောင်ကြတာကိုး၊ ဝင်းဦးအသံနဲ့ သရုပ်ဆောင်တဲ့ 'အိမ်ကြီးမာယာဝက်ပါ' တို့၊ (ညွှန့်ဝင်းနဲ့ဒေါ်မေသစ်တို့ထင်ပါရဲ့) အသံနဲ့သရုပ်ဆောင်တဲ့ 'စမ်းရေပမာ မိမေတ္တာ' တို့လို အသံလွှင့်ဇာတ်တွေဆို ဘယ်နှခေါက်လာလာ မလွတ်တမ်းနားထောင်လွန်းလို့ အလွတ်တောင် ရခဲ့ပါရဲ့။

**ရေဒီယိုကတစ်ဆင့်မြင်ခဲ့ရတဲ့ လူ့လောက**

ကြောက်စရာအိမ်ကြီးတစ်လုံးအကြောင်းဖြစ်တဲ့ အိမ်ကြီးမာယာလာရင် ဇာတ်လမ်းအစမှာ ကျွန်မတို့ မောင်နှမတွေဟာ တစ်နေရာစီရှိနေပေမယ့် တဖြည်းဖြည်းနဲ့ အဘွားနား စုပြုံရောက်သွားတာချည်းပါပဲ။ 'စမ်းရေပမာ မိမေတ္တာ' ကတော့ သားဖြစ်တဲ့သူကို ရုပ်ကွက်ထဲမှာ လိုက်အဝတ်လျှော်ရင်း ဆရာဝန်ဖြစ်သည်အထိ ပညာသင်ပေးသွားတဲ့ အမေတစ်ယောက်အကြောင်းပါ။ သားဆရာဝန်အိမ်ထောင်ကျတော့ နှစ်ပေါင်းများစွာ အဝတ်လျှော်လာတဲ့ အမေဖြစ်သူရဲ့လက်မှာ ဆပ်ပြာစားပြီး အဖြူကွက်တွေဖြစ်လာတာကို အရေပြားရောဂါထင်ပြီး ချွေးမက အိမ်ပေါ်က ဆင်းခိုင်းခဲ့ပါတယ်။ သားက အမေ့ကို အိမ်ပေါ်မှာ မနေတော့ဖို့ပြောတဲ့အခါ အမေဖြစ်သူပြန်ပြောတဲ့ အခန်းရောက်ရင် အမေကြီးကို သနားပြီး အဘွားနဲ့အတူ ကျွန်မတို့လည်း ရေယောင်မျက်ရည်ကျကြတာပါပဲ။ သားနဲ့ချွေးမလုပ်သူအပေါ်ဒေါသထွက်ပြီး တတွတ်တွတ် ရေရွတ် အပြစ်တင်မိတာပါပဲ။ လူ့သဘော၊ လူ့သဘာဝဆိုတာကို ကျွန်မ စပြီးနားလည်ခဲ့ရတာ အဲဒီဇာတ်လမ်းတွေကတစ်ဆင့်ပါ။ မြန်မာ့အသံဟာ ကျွန်မလို ကလေးတစ်ယောက်ကို လူ့လောကထဲကို အသံတွေနဲ့ ဆွဲသွင်းပေးခဲ့တာပါ။

အဲဒီတုန်းက နားထောင်ခဲ့ဖူးတဲ့ အသံလွှင့်ဇာတ်တွေထဲက ဇာတ်လမ်းတစ်ပုဒ်ကို နာမည်ရော ဇာတ်လမ်းအသေးစိတ်ကိုပါ မမှတ်မိတော့ပါဘူး။ မှတ်မိတာကတော့ မင်းသမီးခင်သန်းနု ဇာတ်လိုက်မင်းသမီးအဖြစ် အသံနဲ့သရုပ်ဆောင်ခဲ့တယ်ဆိုတာပါပဲ။ ဇာတ်လမ်းက ရေဒီယိုအသံလွှင့် ရုံမှာအလုပ်လုပ်သူ အမျိုးသမီးတစ်ယောက်ရဲ့ ဘဝအကြောင်းပါ။ ကိုယ်တိုင်ရဲ့ဘဝမှာ ဘယ်လောက်ပဲ စိတ်လက် ပင်ပန်းညှိုးနွမ်းနေပါစေ၊ အသံလွှင့်ခန်းထဲက မိုက်ခရိုဖုန်း ရှေ့ရောက်ပြီဆိုရင်တော့ 'သောတရှင်များ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေ' လို့ နေ့စဉ် နှုတ်ခွန်းဆက် ဆုတောင်းပေးရတဲ့ဘဝကို ဖော်ကျူးထားတာပါ။

**လေထဲမှာပျံ့လွင့်နေသော အကြည်ဓာတ်လေးတွေ**

အသံနဲ့လုပ်စားရတဲ့ဘဝကို ဘယ်တုန်းကမှစိတ်ကူးမယဉ်ခဲ့ဖူးတဲ့ ကျွန်မအတွက် ကိုယ့်မိခင်မြေနဲ့မိုင်ပေါင်းသောင်း ချီဝေးတဲ့ နိုင်ငံကြီးတစ်ခုမှာ ရေဒီယိုအသံလွှင့်သူ တစ်ယောက်အဖြစ် အသက်မွေးဝမ်းကျောင်းဖို့ ကံကြမ္မာက ဖန်တီးလာပါတယ်။ ရေဒီယိုမှာ အသံစလွှင့်ပြီဆိုကတည်းက ငယ်ငယ်ကကြားဖူးခဲ့တဲ့ အဲဒီအသံလွှင့်ဇာတ်လမ်းလေးကို သတိရခဲ့မိတာပါ။ **အထူးသဖြင့် 'မင်္ဂလာမနက်ခင်းပါရှင်' လို့ အစီအစဉ်စတင်ချိန် နှုတ်ခွန်းဆက်တဲ့အခါနဲ့ 'သောတရှင်များ ကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့ကြပါစေ' လို့ အစီအစဉ်ပြီးချိန် ဆုတောင်းစကားပြောတဲ့အခါတွေမှာ ပိုသတိရပါတယ်။**

တီဗွီမှာ တာဝန်ကျချိန်တွေမှာတော့ ဘယ်လောက်ပဲ သောကဖိစီးနေပါစေ၊ အဖွင့်တီးလုံးသံကြားတာနဲ့ မျက်နှာကိုချိုရွှင်သွားအောင်ပြုံးပြီး မင်္ဂလာပါလို့ နှုတ်ဆက်ရတဲ့အခါ ကိုယ့်ကိုယ်ကိုယ်အိပ်မက်ကမ္ဘာထဲရောက်နေသလို မကြာ ခဏခံစားမိတတ်ပါတယ်။ ဒါဟာငါဟုတ်ရဲ့လားလို့ တွေးမိတာ မကြာခဏပေါ့။ ငယ်ငယ်က ရေဒီယိုထဲမှာ လူသေးသေးလေးတွေများရှိမလား၊ ရေဒီယိုပျက်အောင် မွှေနှောက် ရှာခဲ့သလို တီဗွီထဲမှာသတင်းကြေညာနေတဲ့သူ ရှိမလားဆို ပြီး တီဗွီဖွင့်ရှာခဲ့သူတွေ ရှိလေ မလားစဉ်းစားပြီး သတင်းဖတ်ရင်း ပြုံးမိခဲ့တာလည်း ရှိပါသေးတယ်။ သေကောင်ပေါင်းလဲ နေမကောင်းဖြစ်နေတဲ့ အမေအကြောင်း ခေါင်းထဲမှာရှိနေချိန်၊ ကိုယ်တိုင်မခံချိမခံသာဖျားနာနေတဲ့ အချိန်၊ အိမ်ပြန်ချိန်နောက်ကျတဲ့ သားတွေကို ဖုန်းဆက်မရလို့ ပူပင်နေချိန်၊ ဘယ်လိုသောကမျိုးရှိနေပါစေ ကိုယ့်မျက်နှာရှေ့က တီဗွီကင်မရာကိုကြည့်ပြီး ပြုံးပြရတာပါပဲ၊ ဘယ်လိုအမင်္ဂလာနဲ့ ရင်ဆိုင်နေရပါစေ 'မင်္ဂလာပါ' လို့ ချိုချိုရွှင်ရွှင်ပြုံးပြီး နှုတ်ဆက်ရတာချည်းပါပဲ။

သတင်းဆောင်းပါးတစ်ပုဒ်ကိုဖြစ်ဖြစ်၊ အပတ်စဉ်အစီအစဉ်တစ်ခုကိုဖြစ်ဖြစ် မမှားအောင်ဂရုစိုက်ဖတ်နေချိန်မှာ ကျွန်မဟာ လူတွေအကြောင်း ရေဒီယိုကတစ်ဆင့် စတင်နားလည်ခဲ့ရသလို ကလေးတွေအများကြီးကို ရေဒီယိုကတစ်ဆင့် လူတွေအကြောင်း ပြန်ပြောပြနေတာပါလားလို့ တွေးမိလာပါတယ်။

အဲဒီလိုတွေးမိချိန်မှာတော့ ကိုယ့်မှာဘယ်လောက် ပူပင်သောက ဖိစီးနေပါစေ သိန်းနဲ့သန်းနဲ့ချီတဲ့ ရေဒီယို နားထောင်သူတွေကို 'မင်္ဂလာပါ' လို့ နှုတ်ဆက်ခွင့်ရနေတဲ့၊ 'ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေ' လို့ ဆုတောင်းပေးခွင့်ရနေတဲ့ ဘဝကို တန်ဖိုးထားလာမိပါတယ်။ အရင်ကအလုပ်သဘောအရ ပြောတယ်လို့သာ နားလည်ခဲ့ပေမယ့် အခုတော့ အဲဒီစကားတွေပြောချိန်မှာ တကယ့်ကိုရင်ထဲက လှိုက်လှိုက်လှဲလှဲ ပြောမိလာပါတယ်။ အဲဒီလိုပြောမိချိန်တွေမှာ ကျေနပ်စိတ်ကို ခံစားလာမိပါတယ်။ မမြင်ရပေမယ့် လေထဲမှာ လွင့်ပျံ့နေတဲ့ အကြည်ဓာတ်ကို ခံစားလာရပါတယ်။ ရေဒီယို ဆိုတာကနေတစ်ဆင့် ရင်းနှီးခဲ့ရတဲ့ မြန်မာ့အသံကို ကျေးဇူးတင်လာပါတယ်။

အတိအကျရေတွက်လို့မရပေမယ့် ကျွန်မလို **မြန်မာ့အသံကတစ်ဆင့် လူ့လောကအကြောင်း၊ ကမ္ဘာကြီးအကြောင်း၊ အတိတ်အကြောင်း၊ အနာဂတ်အကြောင်း လေ့လာသင်ယူနိုင်ခဲ့သူတွေ မနည်းမနောရှိမှာအသေအချာပါပဲ။ ဘဝများစွာကိုလမ်းပြခဲ့တဲ့ မြန်မာ့အသံဟာ နောက်ထပ်ဘဝများစွာကိုလည်း ဆက်လက်လမ်းပြနေဦးမှာပဲလို့ တွေးမိချိန်မှာ** မြန်မာ့အသံအခွန့်ရှည်ပါစေလို့ ဆုတောင်းလိုက်မိပါတယ်။ ။

သွေးတိုးကျ သွေးတိုးကျ

သန္တိသုခ




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက (စာနယ်ဇင်း)
014/0819

အမြို့မြို့ဆိုင်တိုင်းတွင် ရနိုင်ပါသည်။

သွေးတိုးကျ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR012355 (0919)

လပြည့်သစ္စာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၄၈၀၃၄၄၇၇၊ ၀၉ ၂၆၁၀၉၉၃၆၅၃၊ ၀၉ ၄၂၂၄၄၃၈၄၅


## ပုပ္ပားဆရာတော် ဦးဂျော်နီ(ခ)ဦးကုမာရ တည်ထောင်သွားသောကျောင်းတိုက်ကြီးများ၏ စာအုပ်ထုတ်ဝေရန်

ရန်ကုန်-ထောက်ကြန့်-ပုပ္ပားကျောင်းဆရာတော်ဦးစီး၍ ပုပ္ပားတောင်ကလပ်ကုမာရာ ရာမတိုက်၊ ပုပ္ပားမြို့ ပြည်အောင်စံဘုရားပုပ္ပားကျောင်း၊ မုံရွာဖိုလ်ဝင်တောင် ပုပ္ပားကျောင်း၊ မုံရွာကျောက္ကာထန်းဇလုပ် ပုပ္ပားကျောင်း၊ ယင်းမာပင်ခရိုင် အင်ကြင်းတောင်ပုပ္ပားကျောင်း၊ ရန်ကုန်ထောက်ကြန့်ပုပ္ပားကျောင်းဒိုက်ဦးမြို့ ကန်တော်မင်္ဂလာပရဟိတပုပ္ပားကျောင်း၊ဒိုက်ဦးမြို့လောကရန်အောင်ဘုရားကြီး ပုပ္ပားကျောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြကျေးသာတောင် ပုပ္ပားကျောင်းအစရှိသော ဆရာတော်ဦးကုမာရတည်ထောင်သွားသော ကျောင်းတိုက်ကြီးများ၏ သမိုင်း သိကောင်းစရာများ စာအုပ်ထုတ်ဝေမည်ဖြစ်ပါသောကြောင့် ကျောင်းတိုက်ကြီးများ၏ ကျောင်းအလှူရှင်များ ပဋ္ဌာန်းဆက်သာသနာဆက်ရှိသူများ စာအုပ်တစ်အုပ်လျှင် ၅၀၀၀ ကျပ်ဖြင့် ထောက်ကြန့် ပုပ္ပားကျောင်းဝေယျာဝစ္စအဖွဲ့ ဖုန်း-၀၉-၄၂၁၀၇၄၂၄၄၊၀၉-၄၂၅၀၂၅၈၆၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## အများသိစေရန်

တေးသံရှင် လာဇရု၏ အနုပညာတေးသီချင်းကိစ္စရပ်များနှင့် ပတ်သက်၍ အသုံးပြုလိုသူများ၊ အသုံးပြုထားသူများသည် ဇနီးဖြစ်သူ ကျွန်မ မစန္ဒာ(ခ)မေမြို့နှင့် ဆက်လက် ဆက်သွယ်လုပ်ကိုင်ပြီး ခွင့်ပြုချက်ယူနိုင်စေရန် အသိပေး အကြောင်းကြားအပ်ပါသည်။

မစန္ဒာ(ခ)မေမြို့
၉/မနမ(နိုင်)၁၁၀၆၅၇
ဖုန်း-၀၉-၇၈၀၇၈၀၇၈၂
၀၉-၅၀၈၂၈၆၉

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
ပြင်ဦးလွင်ခရိုင်တရားရုံး
၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၄၃

| | | |
|---|---|---|
| ဦးကျော်စွာမောင် | နှင့် | ၁။ သိင်္ဂီအောင်ကုမ္ပဏီလီမိတက် |
| (လက်ထောက်အထွေထွေမန်နေဂျာ) | | ၂။ ဦးတင်ဝင်းလှိုင် |
| ဒုတိယအထွေထွေမန်နေဂျာရုံး၊ | | ၃။ ဦးဘုန်းညွန့် |
| (မန္တလေးတိုင်းဒေသကြီး၊ရှမ်းပြည်နယ်) | | ၄။ ဦးဘိုကြည်နိုင် |
| အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ | | ၅။ စောငွေးဝင်း |
| မန္တလေးမြို့ | | ၆။ ဦးစိုးသိန်း |
| | | ၇။ ဦးတင်ရှိန် |
| တရားလို | | တရားပြိုင်များ |

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တိုက်သစ်၊ တိုက် (၅/၇)နေ ဒေါ်သိင်္ဂီအောင်ကုမ္ပဏီလီမိတက်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ် လမ်း (၃၀)၊ ပထမထပ်၊ အမှတ်(၁၃၁)နေ ဦးတင်ဝင်းလှိုင်(ဥက္ကဋ္ဌ)၊ ဦးဘုန်းညွန့်(အုပ်ချုပ်မှုဒါရိုက်တာ)နှင့် ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ်(၄)နေ ဦးဘိုကြည်နိုင်(ဒါရိုက်တာ)၊ စဥ့်ကူးမြို့နယ်၊ လက်ပံလှကျေးရွာအုပ်စု၊ ရုံးပင်ကုန်းကျေးရွာ(၁)နေ ဦးတင်ရှိန်(ဒါရိုက်တာ)(ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက နိုင်ငံတော်သို့ ပေးသွင်းရန် ကြွေးကျန်ရွှေစင် ၃၄ ကျပ်သား ကာလတန်ဖိုးငွေကျပ် (၂၈၂၈၈၀၀၀၀/-)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက် (၁၃၈၂ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နော်မာဂရက်သာမီး)
ခရိုင်တရားသူကြီး
ပြင်ဦးလွင်ခရိုင်တရားရုံး

## မတည်အရင်းအနှီးလျှော့ချခြင်းနှင့်ပတ်သက်၍ အများသိအောင်ကြေညာခြင်း

Handshake Company Limited ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိမတည်အရင်းအနှီးငွေကျပ် 100,000,000 (သိန်းတစ်ထောင်တိတိ)မှ ငွေကျပ် 30,000,000 (သိန်းပေါင်းသုံးရာတိတိ)သို့ လျှော့ချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

Handshake Co.,Ltd.


ကောင်းမြန်မာ
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း
တောင်ပိုင်းရှိမြေကွက်များ
ဝယ်လိုသည်(ပွဲခပေးရန်မလိုပါ)
09-5128736
09-420963466



ဖျံ-၅-ကောင်
အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၂၁၄/၀၆၁၈
ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ
တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 8392 594


## ကုမ္ပဏီရှယ်ယာ ပမာဏများအား လျှော့ချကြောင်း ကြေညာခြင်း

HSU HLAN PHYO COMOANY LIMITED ၏ ကုမ္ပဏီဒါရိုက်တာ အစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ Share Amount သိန်း(၁၅၀၀)မှ သိန်း(၅၀)သို့ လျှော့ချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

Phyo Ko Ko Shwe (Managing Director)
Hsu Hlan Phyo Company Limited

## တစ်ဦးတည်းဖြစ်ကြောင်း

ကျောက်တော်မြို့၊ ပိုက်သည်ရပ်ကွက်နေ (ဘ)ဦးစိန်ထွန်းလှ၏သမီး ၁၁/ကတန(နိုင်)၁၁၅၂၄၀ ကိုင်ဆောင်ထားသူ မစိုးရွှေစင်နှင့် မစိုးရွှေဇင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

မစိုးရွှေစင်

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၇၁၆

| | | |
|---|---|---|
| ဦးသောင်းဖေ | နှင့် | ၁။ ဒေါ်တင်နွယ်ဦး |
| (၎င်း၏အထွေထွေ | | |
| ကိုယ်စားလှယ်စာရသူ | | ၂။ ဦးပိုင်စိုးဇံ |
| ဦးမြင့်ဇော်ဝင်း) | | ၃။ ဒေါ်သဇင်ခိုင် |
| တရားလို | | တရားပြိုင်များ |

စစ်ကိုင်းမြို့၊ ဇေယျာတိုးချဲ့ကွက်သစ်၊ ဇေယျာရွှေမြေလမ်းနှင့် (၈)လမ်းထောင့်နေ ဦးပိုင်စိုးဇံ(ဘ)ဦးလှဘော်ဇံ၊ ဒေါ်သဇင်ခိုင်(ဘ)ဦးတင်လှ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသောင်းဖေ (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးမြင့်ဇော်ဝင်း) က ကူညီပေးအပ်ငွေကျပ်သိန်း (၂၇၀)နှင့် အတူ နစ်နာကြေးငွေကျပ်သိန်း (၅၀) စုစုပေါင်းငွေကျပ်သိန်း (၃၂၀) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်၊ (၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင့်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ငွေးငွေးဝင်း)
တွဲဖက်ခရိုင်တရားသူကြီး(၁)
မန္တလေးခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
မြင်းခြံမြို့နယ်တရားရုံးတော်၌
၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၂၃

| | | |
|---|---|---|
| ဦးအောင်ဇော်ထွန်း | နှင့် | ၁။ ဒေါ်နှင်းနှင်းဦး |
| (မြင်းခြံဖူးပွင့်ဝေ | | ၂။ ဒေါ်ဥမ္မာသိန်း |
| အသေးစားငွေရေးကြေးရေး | | ၃။ ဒေါ်ဇင်ဝေနှင်း |
| ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်၏ | | ၄။ ဒေါ်သီသီမော် |
| ဒါရိုက်တာ) | | ၅။ ဦးဝင်း |
| | | ၆။ ဦးညီညီထွန်း |
| တရားလို | | တရားပြိုင်များ |

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ် (၁) ရပ်ကွက်နေ ဒေါ်ဥမ္မာသိန်း၊ ဒေါ်ဇင်ဝေနှင်း၊ ဒေါ်သီသီမော်၊ ဦးဝင်းနှင့်မြင်းခြံမြို့၊ အမှတ် (၂) ရပ်ကွက်နေ ဦးညီညီထွန်းတို့ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်ဇော်ထွန်းက အသေးစားငွေရေးကြေးရေးလုပ်ငန်းမှ ချေးယူထားသည့်ငွေ (၇၅၀၀၀၀/-)ကျပ်ရလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ယင်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်၊ (၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀ :၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။

၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အင်ကြင်ဖူး)
ဒုတိယမြို့နယ်တရားသူကြီး
မြင်းခြံမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့၊ အမှတ်(၂)ရပ်ကွက်၊ ဗိုလ်တေဇရပ်နေ ဦးမင်းသန်း-ဒေါ်မေသန်းနွယ်တို့မှ ၎င်းတို့နေထိုင် ပိုင်ဆိုင်သော ဦးပိုင်အမှတ်(၂၈၈-ခ/၂)၊ မတ္တရာအရှေ့ကွင်း၊ မြေကွက်အမှတ်(ဒု-၇၂)၊ ဧရိယာ ဝဒသမ၁၀ဧကရှိ မြေအား (လူနေထိုင်ရန်) မြေငှားဂရန် လျှောက်ထားလာပါ၍ ဤကြော်ငြာပါရှိသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်လိုသူရှိပါက အထောက်အထားစုံလင်စွာဖြင့် မတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မတ္တရာမြို့နယ်

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
မော်လမြိုင်မြို့နယ်တရားမရုံး၌
၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၆၁

| | | |
|---|---|---|
| ၁။ ဒေါ်ယဉ်ယဉ်အေး | နှင့် | ၁။ ဦးဖေကြည် |
| (ကိုယ်တိုင်နှင့် ကျန်တရားလိုများ၏ အခွင့်ရကိုယ်စားလှယ်) | | ၂။ ဒေါ်မိလေး |
| ၂။ ဒေါ်အေးမြကြည် | | |
| ၃။ ဒေါ်မြင့်မြင့်အေး | | |
| ၄။ ဦးသန်းမြင့် | | |
| ၅။ ဒေါ်မြအေး | | |
| ၆။ ဒေါ်အိအိမော် | | |
| ၇။ ဒေါ်ဇင်မာထွေး | | |
| တရားလိုများ | | တရားပြိုင်များ |

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ အထက်လမ်းမကြီး၊ အမှတ်(၃၈)၊ အခန်းအမှတ်(၃)နေ ဦးဖေကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က)(ပထမပိုင်း)နှင့် ၁၂(၁)(ဂ)အရ လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ယင်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ၊ သို့မဟုတ် အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးဦး ယင်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်၊ (၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်နေ့) သောကြာနေ့ မွန်းမတည့်မီ ၁၀ :၀၀ နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။

၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သိင်္ဂီမြင့်အောင်)
မြို့နယ်တရားသူကြီး
မော်လမြိုင်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊မကွေးမြို့၊ ချမ်းမြေ့သာယာရပ်ကွက်၊ ရောဝတီအိမ်ရာစီမံကိန်း၊ ဘုန်းကြီးကျောင်းလမ်း၊ အမှတ် (၄၀)ဝင်းအတွင်းရှိ ၁၂၂၀ စတုရန်းပေအကျယ်ရှိ တိုက်ခန်းအမှတ်(S2-C1)သည် ဦးအောင်ကျော်စိုး ၈/မကန(နိုင်)၀၀၇၁၆၉ ပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပါသည်။ယခုအခါအဆိုပါ တိုက်ခန်းပိုင်ရှင် ဦးအောင်ကျော်စိုးမှာ ကွယ်လွန်သွားပါသဖြင့် ဇနီးကျွန်မဒေါ်ဝင်းမင်းသန်း ၈/မကန(နိုင်)၁၀၉၈၃၄ မှ ကျွန်မ ဒေါ်ဝင်းမင်းသန်း အမည်ပေါက် လျှောက်ထားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက အထောက်အထားမူရင်းပြည့်စုံစွာဖြင့် ကျွန်မထံသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်ဝင်းမင်းသန်း
အမှတ်(၂၉၉/၃၀၁)၊ သုခိတာလမ်း၊ရန်ဝေးရပ်၊မကွေးမြို့
ဖုန်း-၀၉-၅၃၄၂၂၉၄၊၀၉-၇၈၇၄၀၀၆၂၆

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့၊ အမှတ်(၂)ရပ်ကွက်၊ မြို့သစ်နေ ဦးစံအုပ်-ဒေါ်ဥမ္မာမြင့်တို့မှ ၎င်းတို့နေထိုင်ပိုင်ဆိုင်သော ဦးပိုင်အမှတ်(၂၈၈-ခ/၂)၊ မတ္တရာအရှေ့ကွင်း၊ မြေကွက်အမှတ်(ပ/၇၄)၊ ဧရိယာ ဝ ဒသမ ဝ၃၈ဧကရှိမြေအား (လူနေထိုင်ရန်) မြေငှားဂရန် လျှောက်ထားလာပါ၍ ဤကြော်ငြာပါရှိသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်လိုသူရှိပါက အထောက်အထားစုံလင်စွာဖြင့် မတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မတ္တရာမြို့နယ်

# မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပြီးစီးခြင်း

ဦးမြင့်ထွန်း (Chairman of Genius Myanmar Development Co.,Ltd.)–
ဒေါ်ခင်ခင်မော် (Tun Logistics & Transporation)
တို့၏သားလတ်

## မောင်ထွန်းဝဏ္ဏ(ခ)မိုးစက်

Managing Director of GMD Construction Co.,Ltd.
Director of Kayah Angel Co.,Ltd.
Bachelor of Engineering (Material Science), DSTA
Master of Engineering (Steel & Alloy), MISA, Russia

နှင့်

သီရိသုဓမ္မမဏိဇောတဓရ ဦးဇော်ဝင်း (Chairman of Chan Myae Myittar General Hospital & Zaw Htet Paing Engineering & Construction Group, Co.,Ltd.)–
ဒေါ်မိမိတင် (Managing Director of Chan Myae Myittar General Hospital)
တို့၏ တစ်ဦးတည်းသောသမီး

## မအိမွန်မွန်(ခ)ဂျူဂျူး

Chief Executive Officer of Chan Myae Myittar General Hospital
Advanced Level of Certified Accounting Technician CAT, UK
Degree of Bachelor of Arts, Yangon University of Distance Education, Myanmar
Degree of Bachelor of Arts in Accounting, University of Bedfordshire, UK
Master of Business Administration, Assumption University, BKK
Master of Healthcare and Wellness Management, College of Management Mahidol University, BKK
Doctor of Philosophy in Organization Development, Assumption University, BKK (Candidate)

တို့သည် ၂၁-၁-၂၀၂၂ (ကြာသပတေးနေ့)တွင် တရားသူကြီး မင်္ဂလာသဘာပတိကြီးများနှင့် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ထွန်းဝဏ္ဏ(ခ)မိုးစက်–မအိမွန်မွန်(ခ)ဂျူဂျူး**

---

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ရန်ကုန်တက္ကသိုလ်၊ မနုဿဗေဒ ဘာသာရပ်အတွက် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ချီးမြှင့်သော **သိပ္ပကျော်စွာ** ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရသော ဆရာကြီး **ဦးကျော်ဝင်း (မနုဿကျော်ဝင်း)**၊ (ဥက္ကဋ္ဌ– မြန်မာနိုင်ငံစာရေးဆရာအသင်း)၊ (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း)၊ (ပါမောက္ခ ၊ အချိန်ပိုင်း) မနုဿဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်မိပါသည်။

**(မနုဿဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် –၅၊ နည်းဥပဒေ –၂၀)
## ကြည့်မြင်တိုင်မြို့နယ်တရားရုံး
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် –၂၇

ဒေါ်ဥမ္မာထွေး — နှင့် — ၁။ ဦးဟုတ်ဟင်း
၂။ ဦးမြင့်စိုး

တရားလို — တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်းမြောက်အနောက်ရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ်–၁၀နေ တရားပြိုင် (၁) ဦးဟုတ်ဟင်း (ယခုနေရပ်လိပ်စာမသိ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာခုအနောက်ရပ်ကွက်၊ စလင်းလမ်း၊ အမှတ်–၅၂ နေ တရားပြိုင် (၂) ဦးမြင့်စိုး(ယခုနေရပ်လိပ်စာမသိ) သူတို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၉ရက် (၁၃၈၂ ခုနှစ် တပို့တွဲလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့် အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စည်သူကျော်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**ကြည့်မြင်တိုင်မြို့နယ်တရားရုံး**

---

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## စားအုန်းဆီများလေလံတင်ထုခွဲရောင်းချရေး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအတွင်း ခရိုင်/မြို့နယ်အလိုက် ခွဲဝေထားရှိသော အရေးပေါ် ရိက္ခာ စားအုန်းဆီ(၈၉၀၆၈)ပုံးအား ပြည်သူများလက်ဝယ်သို့ သင့်တင်မျှတသောဈေးဖြင့် ရောင်းချနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်၍ စားအုန်းဆီဝယ်လိုသည့် လုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါသည်–

| | |
|---|---|
| Lot(1) မန္တလေးခရိုင်– (၂၄၉၄၁) ပုံး | Lot(5) ညောင်ဦးခရိုင်– (၇၁၂၅) ပုံး |
| Lot(2) ပြင်ဦးလွင်ခရိုင်– (၁၄၂၅၀) ပုံး | Lot(6) မိတ္ထီလာခရိုင်– (၁၂၄၇၀) ပုံး |
| Lot(3) ကျောက်ဆည်ခရိုင်–(၁၀၆၉၀)ပုံး | Lot(7)ရမည်းသင်းခရိုင်– (၈၀၂၀) ပုံး |
| Lot(4) မြင်းခြံခရိုင်– (၁၁၅၇၂) ပုံး | |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၂-၂၀၂၂ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၁၅-၂-၂၀၂၂ရက် ညနေ ၄ နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် နေရာနှင့် တင်သွင်းရမည့် နေရာမှာ စားသုံးသူရေးရာ ဦးစီးဌာန၊ ၃၅လမ်း၊ ၆၅လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ် ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း– ၀၂- ၄၀၃၆၃၃၈၊ ၀၂- ၄၀၃၆၃၄၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

---

**ဖခင်အမည်မှန်**

မင်းဘူးမြို့၊ အမှတ်(၃)ရပ်၊ ကားကြီးကွင်းနေ မယဉ်မြင့်မြတ်လှိုင်၏ ဖခင် ဦးဖိုးတုတ်၏အမည်မှန်မှာ ဦးမြင့်လွင် ၈/တကက(နိုင်)၀၁၄၁၇၄ ဖြစ်ပါကြောင်း။

**ဦးမြင့်လွင်**

---

## မွေးသက္ကရာဇ်အမှန်

သထုံမြို့နယ်၊ ဝါးပါးဆည်မြောင်းဝင်း၊ ဝန်ထမ်းအိမ်ရာနေ ဦးတင်ညွန့်၏သမီး ဒေါ်ဖြူဖြူ ၅/စကန(နိုင်)၀၂၃၄၆၈ ၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၇-၁၉၇၁ ဖြစ်ပါကြောင်း။

**ဒေါ်ဖြူဖြူ**

---

## တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ကလေးမြို့၊ အထက(ခွဲ) အလက(၅) မှ အလပြ ဆရာမ ဒေါ်သီတာနှင့် ဒေါ်သီတာသိန်း ၅/မကန(နိုင်)၀၀၀၉၉၄ မှာ တစ်ဦးတည်းဖြစ်ပြီး မွေးသက္ကရာဇ် အမှန်မှာ ၂၇-၁၁-၁၉၇၀ ဖြစ်ပါကြောင်း။

**ဒေါ်သီတာ(ခ)ဒေါ်သီတာသိန်း**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၉/အေ၊မြေကွက်အမှတ် ၅၈၈၊ အကျယ်အဝန်း ၄၆ပေx၅၀ပေရှိ (အမှတ်–၅၈၈၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉/အေရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုလည်း ခေါ်တွင်သော) ဒေါ်မိုးမိုးထွန်း အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေကလွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက် ကန့်ကွက်ခြင်းတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးမျိုးမြင့်အောင်** | **ဦးအေးမင်းသူ** | **ဒေါ်လင်းလင်းကြည်** |
| **စဉ်–၂၅၁၆၅** | **စဉ်–၂၆၁၉၉** | **စဉ်–၄၆၃၂၈** |

**အထက်တန်းရှေ့နေများ**
**အမှတ် ၆၀၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း– ၀၉- ၅၁၄၅၇၆၇၊ ၀၉- ၄၂၀၀၂၈၃၆၆၊ ၀၉- ၄၂၅၂၈၈၆၅၁**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ ကန်တော်မင်္ဂလာလမ်း၊ မြေကွက် အမှတ်–၆၈၅၊ ဧရိယာ ၂၀'x၆၀' ရှိ ဂရန်(မူရင်းခြမ်း)အိမ်မြေကို ဒေါ်ချိုချိုသန်း ၁၂/ဥကတ(နိုင်)၀၅၂၅၂၁ထံမှ ဒေါ်ဖြိုးဖြိုးရီ ၁၃/တယန (နိုင်)၀၃၈၀၃၉က ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါ၍ ဤကြော်ငြာပါပြီး ၁၄ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)ဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။ ထိုရက်ကျော်လွန်ပါက အိမ်မြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးဖြိုးရီ**
**၁၃/တယန(နိုင်)၀၃၈၀၃၉**
**အမှတ် (၂၄)၊ ဦးလူကလေးလမ်း၊ အလုံမြို့နယ်၊**
**ဖုန်း–၀၉–၄၅၉၈၆၅၀၀၈၊ ၀၉–၄၃၁၅၂၆၇၉**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ် (၃)ရပ်ကွက်ကြီး၊ အကွက်အမှတ် (၁၀)၊ ဦးပိုင်အမှတ် (၁၂-ဇ)၊ ဧရိယာ ၀.၁၁၃မ၀၃၆ကေနှင့် ဦးပိုင်အမှတ် (၁၂-ဈ)၊ ဧရိယာ ၀.၁၁၃မ၀၂၃ကေ စုစုပေါင်း ဧရိယာ ၀.၁၁၃မ၀၅၉ကေရှိ ဘိုးဘပိုင်မြေကွက်ကို ရွှေဘိုမြို့ အမှတ် (၃)ရပ်ကွက်နေ ဒေါ်ခင်စန္ဒာမြင့်က အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ၎င်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက သက်ဆိုင်ရာစာရွက်စာတမ်းများယူဆောင်လာပြီး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် မတိုင်မီ အောက်တွင်လက်မှတ်ရေးထိုးထားသူထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ဇော်ဝင်းလတ်**
**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**(ရွှေဘိုမြို့)**

---

## အမည်မှန်

ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်၊ ပန်တိန်းကျေးရွာ၊ အလက(ပန်တိန်း)၊ Grade-4 မှ ဦးထူးအီ၏သမီး မနန်းအိဇာ၏ အမည်မှန်မှာ မကယောမူ ဖြစ်ပါကြောင်း။

---

## မွေးသက္ကရာဇ်အမှန်

တောင်သာမြို့နယ်၊ ကန်မြဲကျေးရွာနေ ဦးဌေးအောင် ၉/တသန (နိုင်) ၀၇၄၂၄၄၏ မွေးသက္ကရာဇ်အမှန်မှာ (၁၅-၁-၁၉၆၇) ဖြစ်ပါကြောင်း။

---

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

တောင်သာမြို့နယ်၊ ဇဂျမ်းကျေးရွာ နေ ဒေါ်စမ်းဌေး ၉/တသန(နိုင်)၀၂၉၂၀၃၏ အမည်မှန်မှာ ဒေါ်စန်းဌေးဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၁၈-၇-၁၉၆၇) ဖြစ်ပါကြောင်း။

---

## မွေးသက္ကရာဇ်အမှန်

တောင်သာမြို့နယ်၊ ကန်မြဲကျေးရွာနေ ဦးဝင်းအောင် ၉/တသန(နိုင်) ၀၂၇၁၅၂၏ မွေးသက္ကရာဇ်အမှန်မှာ (၁၁-၃-၁၉၆၅) ဖြစ်ပါကြောင်း။

---

## အမည်မှန်

တောင်သာမြို့နယ်၊ ဇဂျမ်းကျေးရွာနေ ဒေါ်နှင်းနှင်းရီ ၉/တသန (နိုင်)၁၃၄၂၈၇၏ အမည်မှန်မှာ ဒေါ်နှင်းရီ ဖြစ်ပါကြောင်း။

---

## ပျောက်ဆုံးကြောင်း

Automobile Alliance Co.,Ltd ၏ Custom ID အမှတ် 828141 နှင့် 816265 နှစ်စုံ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉– ၂၅၀၄၃၄၈၅၀

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ဥဿာမြို့သစ်ရပ်ကွက်၊ အမှတ်(၅) မြေတိုင်းရပ်ကွက်အမှတ်(၁၅A)၊ ဦးပိုင်အမှတ်(၁၀၆)၊ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ နှစ်(၃၀)ဂရန်မြေကွက်သည် ဦးမြင့်သန်း ၇/ပမန(နိုင်)၀၁၂၆၇၁ အမည်ပေါက်လျက် တရားဝင် တည်ရှိပါသည်။ ၎င်းမြေကွက်နှင့် အဆောက်အအုံကို ကျွန်ုပ်အမှုသည်မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါ မြေကွက်ကို တရားဥပဒေအရ ပိုင်ဆိုင်ခွင့်၊အကျိုးခံစားခွင့်ရှိသူများသည် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်း၊ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်ကို လက်ရှိတရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရာစိုး B.A (Law),LL.B**
**တရားလွှတ်တော်ရှေ့နေ၊အမှတ်-၁၁၈၄/၇၁(၃၀-၁၉၇၁)**
**အခန်း(၃)၊တိုက်(၄၆)၊ဗိုလ်ရာညွန့်လမ်း၊ယောမင်းကြီးရပ်ကွက်၊**
**ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ မြို့မ (၁)၊ စက်ရုံလမ်းနေ ဒေါ်မြင့်မြင့် (ခ)အဟွာ၏ ဖခင်အမည်မှန်မှာ ဦးစိန်(ခ)အုံလိုင်စိန်ဖြစ်၍ အရပ်အခေါ် ဦးလှိုက်စိန် (ခ)ဦးစိန်(ခ)အုံလှိုင်စိန်ဟု ထိုအမည်နာမများဖြင့် သုံးစွဲခေါ်ဝေါ်ခြင်း မှန်ကန်ကြောင်း ညောင်လေးပင်မြို့နယ် တွဲဖက်မြို့နယ်တရားရုံးတွင် ကျမ်းကျိန်ဆိုပြီး စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့ (၁)ရပ်ကွက်၊ ဖိုးပိုက်ဆံလမ်းနေ မကြည်ကြည် (ခ)မကြည်ကြည်မူ၏ ဖခင်အမည်မှန်မှာ ဦးလန်ချောင်း(ခ) LEE LAN CHAUNG ဖြစ်၍ အရပ်အခေါ် ဦးလံချောင်း(ခ)ဦးလန်ချောင်း ဟု ထိုအမည်နာမများဖြင့် သုံးစွဲခေါ်ဝေါ်ခြင်း မှန်ကန်ကြောင်း ညောင်လေးပင်မြို့နယ် တွဲဖက်မြို့နယ်တရားရုံး စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၁)၊ မြေကွက်အမှတ် (၂၄၄)၊ မြေအကျယ်အလျား (၄၀ပေ) x အနံ (၆၀ပေ) အကျယ်အဝန်းရှိ (မြေချပါမစ်) မြေကွက်အား မူလအမည်ပေါက် ဦးရွှေသိန်းထံမှ ဆက်စပ်စာချုပ်များနှင့် ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးတင်ထွန်း ၁၂/မဘန(နိုင်)၀၀၀၁၆၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူမည်သူမဆို အထောက်အထားပြည့်စုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးဇော်ဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၂၅) (၂၉-၇-၂၀၁၄)**
**အမှတ် ၆/ခ၊ သစ္စာလမ်း၊ (၈) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၅၇၀၉၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**

**မန္တလေးခရိုင်တရားရုံးတော်**

**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် - ၇၁၀**

| | | |
|---|---|---|
| ဦးအောင်ကျော်စိုး | နှင့် | ဦးထွန်းထွန်းဦး |
| တရားလို | | တရားပြိုင် |

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၉လမ်း၊ ၇၉x၈၀လမ်းကြား၊ ဟေမာဇလရပ်ကွက်၊ အကွက် (၆၁၄)၊ အိမ်အမှတ်(၁၈၈)နေ ဦးထွန်းထွန်းဦး (ဘ) ဦးမြင့်ဆွေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်ကျော်စိုးက ငွေပြန်လည်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက် (၁၃၈၃ ခုနှစ် တပို့တွဲလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌေးဌေးဝင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

## တစ်ဦးတည်းဖြစ်ကြောင်း

မကွေးမြို့၊ တည်ဆောက်ရေး (၈)ဆည်/ရေ ဦးစီးဌာနမှ မစမ်းစမ်းမြင့် ၈/စတရ(နိုင်)၀၂၇၅၂၂ ၏ဖခင် ဦးမောင်ရီ ၈/စတရ(နိုင်)၀၀၃၀၁၁ နှင့် ဦးထွန်းရီမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးမောင်ရီ(ခ)ဦးထွန်းရီ**

## အများသိစေရန် ကြေညာခြင်း

ဝမ်းတွင်းမြို့၊ အမှတ်(၁)၊ ညောင်ပင်ရပ်ကွက်နေ ဦးမြတ်သူ ၉/ဝတန(နိုင်)၀၂၂၃၈၅ ၏ဇနီးဖြစ်သူ ဒေါ်လွင်လွင်သက်(ခ)မဘုတ်ကြီး ၉/သစန(နိုင်)၀၉၀၆၉၃ သည် ၂၀-၁၂-၂၀၂၀ ရက်တွင် ခင်ပွန်းဖြစ်သူ ကျွန်တော် ဦးမြတ်သူမသိရှိဘဲ ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ဒေါ်လွင်လွင်သက်(ခ)မဘုတ်ကြီးနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခင်ပွန်း- ဦးမြတ်သူ**
**၉/ဝတန(နိုင်)၀၂၂၃၈၅**

## အများသိစေရန်သတိပေးကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဒေါ်မြတ်နိုးအိမ် ၁၂/ရကန(နိုင်)၀၇၈၂၇၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်မြတ်နိုးအိမ်သည် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်ပြီး ကိုယ်ပိုင်ဝင်ငွေဖြင့် ကောင်းမွန်စွာ ရပ်တည်နေသော မိကောင်းဖခင်သားသမီးဖြစ်ပါသည်။ကျွန်ုပ်မိတ်ဆွေနှင့်ပတ်သက်၍ Facebook,Instagram, Twitter စသည့် လူမှုကွန်ရက်စာမျက်နှာများတွင်လည်းကောင်း၊မီဒီယာများတွင်လည်းကောင်း မဟုတ်မမှန်သည့်သတင်းစကားများပြောဆိုခြင်း၊ ရေးသားခြင်း၊ ဖော်ပြခြင်း၊ မှတ်တမ်းဓာတ်ပုံများကို အလွဲသုံးစားအသုံးပြု၍ အသရေပျက်စေသည့်စကားများပြောဆိုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို တွေ့ရှိနေရပါသဖြင့် ထိုကဲ့သို့ မဟုတ်မမှန်ပြောဆိုရေးသားခြင်း၊ ဖော်ပြခြင်း၊ ဒေါ်မြတ်နိုးအိမ်၏မှတ်တမ်းဓာတ်ပုံများကို အလွဲသုံးစားအသုံးပြုခြင်းများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းလမ်းများဖြင့်ဖြစ်စေ၊ ဂုဏ်သိက္ခာကျဆင်းညှိုးနွမ်းစေသော အရေးအသားများအား ဆက်လက်မပြုလုပ်ရန် အများသိစေရန် အသိပေးတားမြစ်လိုက်ပါသည်။

အကယ်၍ ကျွန်ုပ်မိတ်ဆွေဒေါ်မြတ်နိုးအိမ်နှင့်ပတ်သက်ပြီး မဟုတ်မမှန်သတင်းများ ဆက်လက်ပြောဆိုရေးသားခြင်း၊ ဖော်ပြခြင်း၊ မှတ်တမ်းဓာတ်ပုံများ အလွဲသုံးစားပြုခြင်းများကို နောက်နောင်တွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြင့်မောင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၅၈)**
**တိုက်(၄)၊အခန်း(၃၁)၊ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊(၈)မိုင်မီးပွိုင့်အနီး၊(၆)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၂၉၂၃၉၊ ၀၉-၇၅၀၃၉၈၄၁၁**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက်၊ နယ်မြေ (၁၅)၊ အတွင်းရှိ ဦးမင်းနိုင် ၉/မထလ(နိုင်)၁၆၅၇၁၆ မှ (၃၆') အရှည်ရှိ အုတ်တံတိုင်းကာရံခြင်းနှင့် အိမ်မကြီး၏မူလအဖိပျက်စီးသွားသော မီးဖိုချောင်ဟောင်းအား ပြင်ဆင်ဆောက်လုပ်ရန် လျှောက်ထားလာပါသည်။ ယင်းသို့ဆောက်လုပ်ပြင်ဆင်ခွင့် တင်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာ တင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ခိုင်လုံသော အထောက်အထားများ ယူဆောင်လာ၍ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံ တင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ မြိုင်သာယာ(၁၁)လမ်း၊ အမှတ် (၉၉၈)၊ ဧရိယာ (၄၀' x ၆၀')ရှိ မြေနှင့်အိမ်ကို ကျွန်မ ဒေါ်ဇင်မာဝင်း တစ်ဦးတည်းပိုင်ဆိုင်ပြီး ကျွန်မအမည်ပေါက် မြေငှားဂရန်ပြုလုပ်မည်ဖြစ်သောကြောင့် ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ဇင်မာဝင်း**
**၁၀/မလမ(နိုင်)၁၈၇၇၂၉**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

သိန္နီမြို့၊ အမှတ် (၃) ရပ်ကွက်၊ အကွက်အမှတ်(၁၄/ဝန်းကျဲရပ်)၊ ဦးပိုင်အမှတ်(၅/က)၊ ဧရိယာ ၀ဒသမ၁၁၄ဧကရှိ မြေကွက်အား ဦးလှမောင် ၁၃/သနန(နိုင်)၀၀၁၉၇၂ မှ ပိုင်ဆိုင်ပြီး အဆိုပါမြေအား ၎င်း၏သမီးများဖြစ်ကြသော နန်းလှခင် ၁၃/သနန(နိုင်)၀၀၀၂၆၄၊ နန်းဟွမ်ခမ်း ၁၃/သနန(နိုင်)၀၁၉၇၈၄ တို့ အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားခြင်းအပေါ် ရက်ပေါင်း ၂၀ အတွင်း သိန္နီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**သိန္နီမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အမှတ်(ပ-၂၀၃၇၄) ဒေါ်ခင်စိမ်းလှဲ့ ၇/ရတရ(နိုင်)၀၀၁၆၄၇ (ဘ)ဦးကြည်မောင်မောင် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးအေးမင်းခန့်ထွန်း ၅/စကန(နိုင်) ၂၃၁၇၆၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မိုးကုတ်မြို့၊ ကျပ်ပြင်ဈေးအထက၊ Grade 8 (A) မှ မပြုံး၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းဦးဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်မြို့၊ ဘောဂဝတီအုပ်စု၊ ပေါက်တောရပ် အလျား ၆၈ ပေ၊ အနံ ၁၅ ပေ ပိုင်ဆိုင်သူ ဦးစိုးဝင်းသည် ၎င်းမြေပေါ်တွင် အဆောက်အအုံဆောက်လုပ်မည်ဖြစ်သဖြင့် ကန့်ကွက်လိုပါက ရက်ပေါင်း (၃၀)အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးစိုးဝင်း**
**၉/ကဆန(နိုင်)၀၅၅၈၇၃**
**ဖုန်း-၀၉-၂၀၆၆၁၃၅**

## ရေစက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဓမ္မာလမ်းမကြီး၊ အမှတ်(၇၄)နေ ဦးသန်းထွဋ် ၁၂/ မရက(နိုင်)၀၃၉၄၆၄ သည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲနေသည့် တံဆိပ်အမှတ်အသားဖြစ်ပါသည်။

ရေစက်မိသားစု
စီးပွားရေးလုပ်ငန်းစု

**ယခင်မှတ်ပုံတင်အမှတ်-၄/၁၉၅၄/၂၀၁၄ ယခုပြန်လည်မှတ်ပုံတင်အမှတ်-T/2021/002976**

အထက်ဖော်ပြပါတံဆိပ်အမှတ်အသားကို ဦးသန်းထွဋ်မှ ၁၉၉၃ ခုနှစ်မှ စတင်အသုံးပြုခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းခဲ့ပါသည်။ ယခုအခါ ပြဋ္ဌာန်းဥပဒေနှင့်အညီ ပြန်လည်မှတ်ပုံတင်ပြီးဖြစ်၍ ယခင်သုံးစွဲခဲ့သည့်အတိုင်း အောက်ပါလုပ်ငန်းများတွင် တစ်ဦးတည်းမူပိုင်အဖြစ် ဆက်လက်သုံးစွဲသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အထက်ပါတံဆိပ်အမှတ်အသားကို လိုင်စင်ရငွေချေးလုပ်ငန်း၊ စတိုးဆိုင်၊ ဆောက်လုပ်ရေး၊ ဆက်သွယ်ရေးသတင်းအချက်အလက်နှင့်နည်းပညာလုပ်ငန်း၊ မော်တော်ကားနှင့် ကားအပိုပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ဖြန့်ဖြူးရေးလုပ်ငန်းအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများပေါ်တွင်လည်းကောင်း၊ အထက်ပါလုပ်ငန်းများအတွက် ထုပ်ပိုးမည့် ပစ္စည်းအရွယ်အစားအမျိုးမျိုးပေါ်တွင် လည်းကောင်း၊ ဖိနှိပ်၊ကပ်နှိပ်၍ အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကို ရိုက်နှိပ်၍လည်းကောင်း၊ စာရွက်စာတမ်း၊ ကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ရုပ်ရှင်ဆလိုက်ကြော်ငြာ၊ တီဗွီ၊ ဗီဒီယိုကြော်ငြာနှင့် ဘလောက်တုံး၊ တံဆိပ်တုံး၊ ငွေရပြေစာဖြတ်ပိုင်း စသည်တို့ပေါ်တွင်လည်းကောင်း အသုံးပြု၍နိုင်ငံတစ်ဝန်းလုံးသို့ ဝန်ဆောင်မှုပေးခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ဆိုင်ခွဲများဖွင့်လှစ်ရာတွင် အသုံးပြုခြင်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အမည်စာသားရှေ့နောက်ပြင်ဆင်ပြောင်းလဲ၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန် တုပသုံးစွဲခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန် အသုံးပြုဆောင်ရွက်ခြင်း၊ အကျိုးစီးပွားထိခိုက်စေရန် ဆောင်ရွက်ခြင်းများ မပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။ ပြုလုပ်ဆောင်ရွက်သူများတွေ့ရှိပါက မိမိ၏လုပ်ငန်းအကျိုးစီးပွား၊ ဂုဏ်သိက္ခာထိခိုက်နစ်နာမှုများအတွက် တရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထင်လင်းနိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၁၂)**
**ဖုန်း-၀၉-၅၀၃၉၃၀၆၊၀၉-၇၈၅၀၃၉၃၀၆**
**ရေစက်မိသားစုစီးပွားရေးလုပ်ငန်းစု၏အတိုင်ပင်ခံရှေ့နေ**

## "Yae Zet" အမှတ်တံဆိပ် အမှတ်အသား အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဓမ္မာလမ်းမကြီး၊ အမှတ်(၇၄)တွင် ရုံးချုပ်အဖြစ်တည်ရှိသော Yae Zet Company Limited (မှတ်ပုံတင်အမှတ်-104588700) သည် အောက်တွင်ဖော်ပြထားသော တံဆိပ်အမှတ်အသားကို ကုမ္ပဏီ၏မူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် အမှတ်တံဆိပ်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

Yae Zet Co.,Ltd.

**မှတ်ပုံတင်အမှတ် - 104588700**

အထက်ပါ အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ ကုမ္ပဏီ၏အဓိက စီးပွားရေးလုပ်ငန်းများဖြစ်သော ဝတ်ဆင်ရန်အထည်များထုတ်လုပ်ခြင်း၊ ပုံနှိပ်ခြင်းနှင့် မှတ်တမ်းတင်အချက်အလက်များကို ပြန်လည်ထုတ်လုပ်ခြင်း၊ ရော်ဘာနှင့်ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်မှု၊ လက်ကားနှင့်လက်လီရောင်းဝယ်ရေး(မော်တော်ကား၊ မော်တော်ဆိုင်ကယ်ပြင်ဆင်ခြင်း)၊ လက်ကားရောင်းချခြင်း၊ (မော်တော်ကားနှင့်မော်တော်ဆိုင်ကယ် မပါဝင်ပါ)၊ လက်လီရောင်းချခြင်း၊ (မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်မပါ)၊ အာမခံလုပ်ငန်းနှင့်ပင်စင်ရန်ပုံငွေလုပ်ငန်းမဟုတ်သော ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ငွေရေးကြေးရေးဝန်ဆောင်မှုနှင့် အာမခံအထောက်အကူပြုလုပ်ဆောင် မှုများ၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ၊ခရီးသွားကိုယ်စားလှယ်လုပ်ငန်း၊ခရီးလှည့်လည်ရေးလုပ်ငန်း၊ ကြိုတင်မှာယူခြင်းလုပ်ငန်းများနှင့်ဆက်စပ်နေသော ဝန်ဆောင်မှုလုပ်ငန်း၊ ရုံးလုပ်ငန်းအုပ်ချုပ်ရေးနှင့် ရုံးလုပ်ငန်းများ၊ အခြားစီးပွားရေးလုပ်ငန်းများကို ထောက်ပံ့ပေးသောလုပ်ငန်းများ၊ အားကစားလှုပ်ရှားမှုများ၊ ပျော်ပွဲရွှင်ပွဲနှင့်အပန်းဖြေလှုပ်ရှားမှုလုပ်ငန်းများ၊ ပိုင်နက်နယ်မြေပြင်ပရှိ အဖွဲ့အစည်းများနှင့် အစုအဖွဲ့များ၏လုပ်ငန်းများတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။ ထို့အပြင် လုပ်ငန်းခွင်များအတွင်းတွင် အမှန်တကယ်အသုံးပြုနေသော အမှတ်တံဆိပ်ဖြစ်သည့်အားလျော်စွာ ကုမ္ပဏီအားလည်း မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အမည်စာသားရှေ့နောက်ပြင်ဆင်ပြောင်းလဲ၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန် တုပသုံးစွဲခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန် အသုံးပြုဆောင်ရွက်ခြင်း၊အကျိုးစီးပွားထိခိုက်စေရန် ဆောင်ရွက်ခြင်းများ မပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။ ပြုလုပ် ဆောင်ရွက်သူများတွေ့ရှိပါက မိမိ၏လုပ်ငန်း အကျိုးစီးပွား၊ ဂုဏ်သိက္ခာ ထိခိုက်နစ်နာမှုများအတွက် တရားဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထင်လင်းနိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၁၂)**
**ဖုန်း-၀၉-၅၀၃၉၃၀၆၊၀၉-၇၈၅၀၃၉၃၀၆**
**ရေစက်ကုမ္ပဏီလီမိတက်၏အတိုင်ပင်ခံရှေ့နေ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၇-၂-၂၀၂၁** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၁၄-၃-၂၀၂၁** ရက်နေ့မှ **၁၅-၃-၂၀၂၁** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးဦးစီးဌာန၊ နှစ်ရှည်သီးနှံဌာနခွဲမှ မြေဩဇာကျွေးခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လိုအပ်သောဓာတ်မြေဩဇာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၂-၂၀၂၁ ရက်မှ ၂၆-၂-၂၀၂၁ ရက်ထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ် (၄၃)၊ နေပြည်တော်

၄။ **တင်ဒါလျှောက်လွှာပိတ်ရက်/ တင်ဒါဖွင့်မည့်ရက်** - ၁-၃-၂၀၂၁ ရက်၊ ၁၃ : ၀၀ နာရီ

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ် (၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇၃၄၁၀၂၁၀၊ ၀၆၇၃၄၁၀၅၁၈ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## ထုပ်ပိုးပစ္စည်း(၁)မျိုး အဝယ်တင်ဒါ

၁။ ဆေးဝါးစက်ရုံ(အင်းစိန်)အတွက် 1oz Plastic Bottle & Cap (Aluminium Top Seal) (၇၅၅၀၀၀) စုံ အိတ်ဖွင့်တင်ဒါပိတ်ရက်အား အောက်ပါအတိုင်း တိုးမြှင့်လိုက်ပါသည် -

အိတ်ဖွင့်တင်ဒါပိတ်ရက် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်၊ (ကြာသပတေးနေ့) (၁၆ : ၀၀) နာရီ

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည် -

| | တယ်လီဖုန်းအမှတ် |
|---|---|
| မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်) | ၀၆၇၃-၄၀၈၃၈၈ |
| စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန | ၀၆၇၃-၄၀၈၃၅၄ |
| ရုံးအမှတ် (၃၇)၊ နေပြည်တော် | |

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မကွေးမြို့၊ ရွာသစ်ပွဲကြိုရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၀-င၊ ပွဲကြိုကုန်း) ဦးပိုင်အမှတ် (၁၀၀/ခ)၊ ဧရိယာ ၀ဒသမ၀၉၂ ဧကရှိ မြေကွက်ကို ဒေါ်ပိုးပြည့်ဖြူ အမည်ဖြင့် မြေဂရန်အသစ် ဤရုံးသို့ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လည်းကောင်း၊ မကွေးခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

